
မိတ်ကျွမ်းမှုစိုးစားရသော



# ခင်နှင်းယု

## မင်းထင်စည်

ပြန်လည်ရိုက်နှိပ်ခြင်း

myoe.com

mgyoe.com

# ခင်နှင်းယု

## မင်းထင်စည်



ISBN9789997117410
KHY26
9 789997 117410
2,200.00KS

mgyoe.com

မင်းထင်စည်၊ ခင်နှင်းယု
မျက်နှာဖုံးပန်းချီ - ဇော်မောင်
စာမျက်နှာ ၂၀၂ မျက်နှာ၊ ၁၃ စင်တီ× ၁၉ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၂၀၀၈၊ မွေးစာပေ၏ ဒုတိယအကြိမ်မှု (ပထမအကြိမ်-၁၉၈၀ တစ်သက်တာစာပေ)

ရောင်းဈေး ၂၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# မင်းထင်စည်

ခင်နှင်းယု

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၀၉

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# အခန်း (၁)

"မွန်မြတ်သော တွေ့ဆုံခြင်း ဖြစ်ကြပါစေ"

ဆောင်းဦး၏ တစ်နေ့သောရက်။ နှင်းမှုန်လေးများသာ မြူးပျံ့လှုပ်ရှားစဖြစ်၍ အအေးဓာတ် မပြင်းထန်သေး။ အိမ်ရှင်များ၏ ဆုတောင်းအတိုင်း ထိုနေ့သည် ဧည့်ပရိသတ်များအဖို့ မွန်မြတ်သော တွေ့ဆုံခြင်းဖြင့် တွေ့ခဲ့ကြရသောနေ့ ဖြစ်ပေသည်။

မြလွှာပြင် မြက်ခင်းပြင်ပေါ်တွင် စိုက်ထူထားသော ဤစာတန်းလေးကို ကြွလာသောဧည့်သည်များ တွေ့ရ၏။ ဆောင်းတွင်းပန်းတို့ ပွင့်နေသော ပန်းရုံများပေါ်တွင်လည်း ဤစာတန်းလေးသည် ထင်ထင်ရှားရှား မြင်နေရ၏။ ဆောင်းလေသည် သွယ်ပျံ့ ဝေ့ယမ်းလာပါသော်လည်း စာတန်းလေးများကို ပုံစံမပျက်စေရ။

ဤစကားလုံးကို ထွင်၍ ဧည့်ခံပွဲကျင်းပရာ ကျယ်ပြန့်သော မြက်ခင်းကြီးပေါ်တွင် ရေးသားချိတ်ဆွဲရန် စီစဉ်သူမှာ ယဉ်ကျေးမှု အရာရှိကြီး ဦးမန်းကြီးဖြစ်၏။ သူသည် သူ၏အိမ်တွင်ဖြစ်စေ၊ သူ့ဆွေမျိုး အသိုင်းအဝိုင်းတွင် ကျင်းပသော မင်္ဂလာပွဲများတွင်ဖြစ်စေ မြန်မာ့ရိုးရာ ယဉ်ကျေးမှုတစ်ခုခုကို အမှတ်တရ ဖော်ထုတ်ရမှ ကျေနပ်၏။

mgyoe.com

mgyoe.com



မြန်မာတို့သည် ရှေးအစဉ်အလာကတည်းက တစ်ဦးနှင့်တစ်ဦး တွေ့ဆုံလျှင် ဘုရင်၊ ကေရာဇ် အချင်းချင်းပဲဖြစ်ဖြစ်၊ လူသာမန်အချင်းချင်းပဲဖြစ်ဖြစ်၊ သာသနာ့နွယ်ဝင် ရဟန်းများ အချင်းချင်းဖြစ်စေ...

"ကောင်းသောလာခြင်း ဖြစ်ပါစေသတည်း"

ဆိုသော ပဋိသန္ထာရ အဆက်အစပ် စကားကိုဆို၍ မင်္ဂလာရှိသော ကောင်းချီးဆုတောင်းကို ပြုပြီးမှ လိုရာကိစ္စကို ပြောကြားကြ၏။

ထိုဆောင်းဦး၏ နံနက်ခင်း အသွင်အပြင်များကို ဘရဏီမမေ့။ မျက်လုံးထဲတွင် ပြန်လည်မြင်ယောင်လာ၏။ ပန်းပွင့်များ၊ မြက်ခင်းပေါ်မှ ဝတ်လွှာများ။

သစ်လွင်သော နေခြည်ကလည်း ပူပြင်းခြင်း မရှိသေး။ ထွေးထွေးနွေးနွေး။

ဆောင်းလေဦးက ဣန္ဒြေရှင် မိန်းကလေးငယ်၏ ညင်သာသော ခြေလှမ်းမျိုးဖြင့် ပရိသတ်ရှိရာသို့ ဝင်လာ၏။ ဆောင်းလေဦး၏ ဖောက်ပြန်လှုပ်ရှားသော လေအဖြစ်မှ သူတို့ကိုယ်သူတို့ ထိန်းသိမ်းကာကွယ်ပုံ ရ၏။

မြက်ခင်း၏ နောက်ဘက် သဇင်တိုင်များမှ ပွင့်စသဇင်ပန်းများ၏ ရနံ့ကိုလည်း ဆောင်းလေသည် သယ်ယူလာ၏။ သစ်ခွအိမ်မှ တောပန်းအလှတို့၏ မွှေးပျံ့ခြင်းသည်လည်း နှင်းမှုန်များနှင့်အတူ ပရိသတ်ဆီသို့ ရောက်လာသည်။

နေခြည်နွေးအောက်တွင် ဧည့်ပရိသတ်တို့၏ တောက်ပသော ဝတ်စုံအရောင်သည် ပန်းဝတ်လွှာတို့ အရောင်နှင့် ယှဉ်ပြိုင်နေသည်။ ထိုဣဋ္ဌာရုံမြင်ခင်းကို "မင်္ဂလာရယ်တဲ့မှ မဏ္ဍိုင်လေ..."ဟူ၍ပင် သီကျူးဖွဲ့ဆိုသင့်သည်ဟု ဘရဏီ ထိုနေ့က ထင်ခဲ့သည်။

ဦးမန်းကြီးသည် သူ၏ မြေးဦးပင်ဖြစ်သော"ပုလဲဒါရှ"၏ တစ်နှစ်

mgyoe.com

mgyoe.com



မြောက် မွေးနေ့အခမ်းအနားကို သူက ဦးစီးကြပ်မတ်၍ စီစဉ်ခဲ့၏။

ပုလဲဒါရှုသည် "လာခြင်းကောင်းသော မိန်းကလေး" ဖြစ်ခဲ့ရ၏။ သူ၏ တစ်နှစ်မြောက် မွေးနေ့တွင် တစ်ဆွေလုံး တစ်မျိုးလုံး ဝိုင်းမကြသည်ဆိုလျှင် မမှားပေ။ ဘရဏီ စိတ်ထဲတွင် "အမ" လွန်သွားသည်ဟုပင် ထင်မြင်ခဲ့၏။

အဘယ်ကြောင့်ဆိုသော် ပုလဲဒါရှု တစ်နှစ်မြောက် မွေးနေ့သီချင်းကြောင့် ဖြစ်ပေသည်။ ဤသီချင်းကို စပ်ဆိုသူမှာ ဦးမန်းကြီး၏ဇနီး ဒေါ်ခင်မြတ်စံ။ ဒေါ်ခင်မြတ်စံသည် မြဝတီမင်းကြီး ဦးစ၏ မြစ်တော်ဖြစ်သည် မဟုတ်ပါလား။ ဦးစသည် ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် မြန်မာတေးဂီတနှင့် သီချင်းကြီးများကို တခမ်းတနား အသက်သွင်းခဲ့သူ၊ မြန်မာ့သီချင်း စစ်စစ်ကိုသာမက မြန်မာတို့၏ အိမ်နီးချင်းမိတ်ဆွေ ယိုးဒယားနိုင်ငံမှ ရှေးဟောင်းသီချင်းများကိုလည်း မြန်မာစကားလုံး သွင်း၍ ပြုစုခဲ့သူဖြစ်၏။

ယခု ဦးစ၏ မြစ်တော်သူတစ်ဦးဖြစ်သော ဒေါ်ခင်မြတ်စံသည် အဘိုး၏ခြေကို နင်းကာ သူ၏မြေး ပုလဲဒါရှု၏ မွေးနေ့သီချင်းကို သူကိုယ်တိုင် ရေးစပ်ပြီး တီးကွက်အသံသွင်း၏။ စန္ဒရားတီးရသူမှာ ဘရဏီကိုယ်တိုင်ဖြစ်သည်။

ပုလဲဒါရှု၏ဖခင် ကိုစောဦး (ပန်းချီဆရာကြီး စောမွန်နစ်)ဘက်မှ ဆွေမျိုး။ ဦးလှသန်းမြင့်၏ဇနီး ဒေါ်လေးရွှေ၏ညီမ အရင်းခေါက်ခေါက် ဒေါ်မြတ်လေးသွယ်က သီဆို၏။

သူတို့၏မြေးဦး ပုလဲဒါရှုကို ကောင်းချီးပေးသောအနေဖြင့် ဒေါ်မြတ်လေးသွယ်သည် ထိုမွေးနေ့သီချင်းကို သူကိုယ်တိုင် သီဆိုခဲ့သည်။

ဒေါ်မြတ်လေးသွယ်သည် ပုလဲဒါရှုကို အကြောင်းပြု၍ ဘရဏီ

mgyoe.com

mgyoe.com



တို့အိမ်သို့ အဝင်အထွက်များလာခဲ့ရ၏။ ဘရဏီနှင့် သီချင်းတိုက်ကြရ၏။ ယခင်က စောမွန်နစ်ဆွေမျိုးစုနှင့် ပုလဲတို့ ဆွေမျိုးစု ခပ်စိမ်းစိမ်းနေခဲ့ကြရာမှ ယခုအဝင်အထွက် ဆက်ဆံရေး ချောမွေ့ပြေပြစ်လာသည်ဆိုလျှင် မမှားပေ။

ပုလဲဒါရှသည် ဆွေမျိုးနှစ်ဖက် ငြိမ်းချမ်းရေး ပန်းတံတားကို ခင်းခဲ့သူ ဖြစ်ပါသောကြောင့် လာခြင်းကောင်းသော မိန်းကလေးဟု ဆိုထိုက်ပါပေ၏။

ဘရဏီက ပုလဲဒါရှကို ဘိုးဘိုးများရော၊ ဘွားဘွားများရော ဆွေမျိုးစုက မရာတွင်၊ ချီးမြှောက်ရာတွင် အမလွန်သွားသည် ထင်ခဲ့သည်မှာ ထင်သင့်ပေသည်။ တစ်နှစ်မြောက် မွေးနေ့သီချင်း၏ စာသားများသည် သူ့ရင်ထဲမှာတော့ "အတိဝုတ္တ" ဒေါသသင့်သည်ဟု ထင်သည်။

အမှန်တော့ မြန်မာစာပေသမိုင်းများတွင် ဤသို့စကားလုံးများကို အိမ်ရှေ့စံများ၏သားတော်၊ သမီးတော်များ၊ ဘုရင်ဧကရာဇ်တို့၏ ရင်သွေးတော်တို့ ပုခက်တင် မင်္ဂလာတွင် ရေးသားသီကုံးတတ်သည့် ဧချင်းစကားလုံးများဖြစ်၏။ ဘုရင်ဧကရာဇ်၏ရင်သွေးများကို ပုခက်တင်မင်္ဂလာလုပ်လျှင် လူမှန်းပင် မသိတတ်သေးသော ရင်သွေးငယ်က စကားလုံး၏ အဓိပ္ပာယ်ကို နားလည်သည်ဖြစ်စေ၊ မလည်သည်ဖြစ်စေ ဘေးလောင်းတော် ဘိုးလောင်းတော် ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်တို့၏ ဘုန်းတန်ခိုးကြီးမြတ်ပုံ၊ အောင်နိုင်ခဲ့သော တိုက်ပွဲများ၊ စိုးမိုးပိုင်သဘော နယ်မြေများ အကျယ်အဝန်း စသည်များကို စာဆိုတို့သည် ရေးသားသီဆို၍ ဆက်သွင်းရ၏။

ခေတ်အမြင်နှင့် ဘုန်းတော်ဘွဲ့၊ ဘုရင်ဧကရာဇ်တို့ကို မြှောက်၍ ရေးသားဆက်သွင်းရသော ရွှေနားတော်သွင်း ဧချင်းများဖြစ်၍ မြေကြီး

mgyoe.com

mgyoe.com



နှင့် ကင်းကွာသည်ဟု တစ်ဖက်သော ရှုထောင့်မှ ဝေဖန်ပြစ်တင်ကြ၏။

သို့သော် တစ်ဖက်သော ရှုထောင့်မှကြည့်လျှင် ထိုဧချင်းများမှ မြန်မာတို့ အစဉ်အလာ ယဉ်ကျေးသိမ်မွေ့ပုံများကို အထောက်အထား တွေ့ရှိရုံမက တစ်ခါတစ်ရံ သမိုင်း၌ ပျောက်ကွယ်နေသော အကြောင်းအရာများ၊ အချက်အလက်များကို ဧချင်းများမှ စကားလုံးများအရ အခိုင်အမာတွေ့ရှိရ၍ ရှေးစာဆိုများကို ကျေးဇူးတင်ရှိရပေသေးသည်။

အနောက်ဥရောပတွင်တောင် တစ်ခေတ်က ဘုရင်ဧကရာဇ်နှင့် အာဏာရှင်ကြီးများကို ဘာလုပ်လုပ် ကောင်းချီးသြဘာပေးရသော အလိုက်သိခေါင်းတော်ညိတ်၊ စိတ်တော်သိစာဆိုများ၊ စာရေးဆရာများ ရှိကြရသေး၏။ မြန်မာစာဆိုတို့ကို အပြစ်မတင်ထိုက်ပါပေ။

ရှိစေတော့၊ ဤဧချင်းများအတွက် ရှိစေတော့ဟု ခွင့်လွှတ်စိတ်ဖြင့် ဘရဏီသည် လေ့လာသုံးသပ်မိ၏။ နှလုံးသွင်းမိ၏။ အဘယ်ကြောင့် ဆိုသော် မဟာ့မဟာသာကီတို့၏ ရင်သွေးတော်နှစ်၊ ရင်နှစ်များဖြစ်၍ ထိုစကားလုံးများကို ထည့်ဆိုသင့်၏။ သီကုံးသင့်၏။ ရသဂုဏ်မြောက် သည်ကလည်း ရင်သွေးတော်ငယ် ကြီးပြင်းလာချိန် အိမ်ရှေ့စံဘဝ မရောက်ခင် ထိုသီချင်းသားများကို ဖတ်ရှုရသောအခါ ဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့လို တိုက်ရဲခိုက်ရဲသော ဇာတိမာန်စိတ်ဓာတ်များ တက်ကြွစေ၏။ ဇာတိမာန်ဆိုသည်မှာ မည်သည့်လူမျိုးမဆို ရှိသင့်ရှိထိုက်သော အရည်အချင်းတစ်ခု မဟုတ်ပါလား။

ဗြိတိသျှနယ်ချဲ့သမားများကို မြန်မာတို့ တိုက်ခိုက်တော်လှန်ခဲ့သော ခေတ်လယ်ပိုင်းတိုက်ပွဲများတွင် သီချင်းနှင့် တပ်လှန့်ခဲ့၏။ စည်းရုံးခဲ့ရ၏။ စေ့ဆော်ခဲ့ရ၏။

"တကောင်းအဘိရာဇာ တို့မြန်မာသာကီမျိုးဟာမို့ မညှိုးဂုဏ်

mgyoe.com

mgyoe.com



တေဇာ"

ဤသီချင်းကို လက်ရုံးဆန့်တန်း သီဆိုဟစ်ကြွေး၍ တို့ဗမာ အစည်းအရုံးဝင် သခင်တို့သည် မြန်မာလူထုအား တပ်လှန့်နှိုးဆော်၍ တိုက်ပွဲခေါ်သံအဖြစ် အသုံးချခဲ့ကြ၏။ ဤသီချင်းစာသား စာပိုဒ်သည် ယခု အမျိုးသားသီချင်း "ကမ္ဘာမကြေ"၏ သီချင်းအစ ပထမပိုဒ်ဖြစ်ခဲ့ သည်။

ဤသို့လျှင် သီချင်းဂီတတို့၏လူထုအပေါ် လွှမ်းမိုးနိုင်ပုံ၊ စည်းရုံး နိုင်ပုံကို ဘရဏီ လက်ခံခဲ့ပါ၏။ သို့သော် သူ၏မြေးမလေး "ပုလဲဒါရှ" သည် ဘယ်ဘုရင်၏ သွေးတစ်စက်မှမပါ၊ မွေးနေ့တုံ့ပြန် ဆုတောင်း သော အဖွဲ့စကားလုံးများဖြင့် မေတ္တာဘွဲ့၊ ခေတ်သီချင်း မြန်မာဆန်ဆန် မြန်မာ့အသံနှင့်ဆိုလျှင် တော်လောက်ပေပြီဟု ထင်သည်။

ယခုတော့...

ဘရဏီသည် သီချင်း စတိုက်ကတည်းက စိတ်ကုန်၏။ တကယ် တော့ သီချင်းစာသားကရော တီးလုံးကရော ကောင်းပါသည်။ မြန်မာ ဆန်လှပါသည်။

သို့သော်...

ပုလဲဒါရှ၏အဘွား ပုလဲဓေယျာ၏မိခင် ဣန္ဒနီ၏ ဆွေစဉ်မျိုး ဆက်များ ဘရဏီတို့၏ ဘိုးဘွားဦးအောင်ကျော်ဖ ရခိုင်မျိုးဆက်တို့၏ ကြွယ်ဝချမ်းသာပုံ၊ ပုလဲ၏ဖခင်ဘက် ပါမောက္ခဦးဓေယျာ ဆွေစုမျိုးစု တို့၏ ဉာဏ်ပညာ ကြွယ်ဝကြပုံ။

ပုလဲဒါရှ၏ဖခင် ကိုစောဦး (ပန်းချီဆရာကြီး စောမွန်နစ်)ဘက်မှ ဆွေစဉ်မျိုးဆက်များ အမလေး... အမလေး၊ ဂုဏ်တွေ ဂုဏ်တွေ၊ သူ့ မြေးမလေး ပုလဲဒါရှတွင် ဂုဏ်တွေများ ပိနေမည်လားဟု သီချင်းစာသား ကို ဖတ်စက ဘရဏီထင်မိ၏။ ရှေးအယူအဆဆိုလျှင် ဂိုဏ်းသင့်တတ်၏။

mgyoe.com

mgyoe.com


တော်ပေသေး၏။ တော်ပေသေး၏။ ပုလဲဒါရူ သူ့မြေးချစ်ကလေးသည် မူလဇာတာ ကောင်းပုံပေါ်သည်။ ဘာဂိုဏ်းမှ မသင့်ပေ။

မိန်းမသဘာဝ အတင်းပြောတတ်သူတို့ မဆိုထားနှင့် ထိုနေ့က ကြွရောက်လာသော သမိုင်းသုတေသနအရာရှိ တစ်ဦးဖြစ်သူ ဦးမိုးကျော်က ကော်ဖီ ကျကျနွေးနွေးကို သောက်ရင်း...

"ကလေးက တော်တော်ပါဗျာ၊ ဖွဲ့နွဲ့ထားလိုက်တဲ့ စာသားက "အတိဝုတ္တ" ဒေါသမသင့်ပေဘူးလား"ဟု အနားမှ မြန်မာ့ဦးစွန်း သတင်းစာ အယ်ဒီတာချုပ် ဦးစံဖေအား ပြောလိုက်၏။

ကတော်များကလည်း နှုတ်ခမ်းနီမပျက်အောင် လက်ကိုင်ပဝါနှင့် ပါးစပ်ကိုတို့ရင်း မသိမသာ မဲ့ပြုံးပြုံး၍ သီချင်းစာသားကို တီးတိုးဝေဖန်လိုက်ကြပုံကို မည်သူမျှမကြားပေ။

ဧည့်သည်များတွင်ပါလာသော ရင်သွေးများ ပြန်ချိန်တွင် ပုလဲဒါရူသည် ဖခင်နှင့် မိခင်ဖြစ်သော ကိုစောဦးနှင့် ပုလဲတို့အလယ်တွင် မတ်တတ်ရပ်၍ ခြံဝမှ အရုပ်များနှင့် မုန့်များပါသော ပလတ်စတစ်အိတ်ငယ်ကို လက်ဆောင်ပေးလိုက်၏။

ကလေးများသည် ပျော်ရွှင်စွာ လက်ခံယူ၍ မိဘများက ပုလဲဒါရူအား ကောင်းချီးပေး ဆုတောင်းမင်္ဂလာ ပြုသွားကြ၏။ တော်ပါသေး၏။ တော်ပါသေး၏။

ထိုနေ့က ပို့သသော ဧည့်ပရိသတ် မေတ္တာကြောင့် ဘရဏီ၏ မြေးကလေး ပုလဲဒါရူသည် ယနေ့ထိ ဘေးမသီရန်မခ ကျန်းမာပျော်ရွှင်လျက်ရှိပါပေသည်။ ဇာဖြူဖြူရှည်ရှည် ဂါဝန်လေးကို ခြေဖျားထိဖုံး၍ သူ၏ကလေးဖော်များနှင့် ပျော်ရွှင်စွာ သူ၏မွေးနေ့ပွဲတွင် ပါဝင်ခဲ့သည်။ သူသည် သူ့အား ဘာစကားလုံး၊ ဘာသီချင်းတွေနှင့် ဖွဲ့နွဲ့ချီးမြှောက်လိုက်ကြသည်ကို သူ ဘာမှနားမလည် မုန့်များများစား၍ မြူးခင်းပေါ်

mgyoe.com

mgyoe.com


တွင် ဘောလုံးလေးမြှောက်ကာ တခြားကလေးငယ်များနှင့် ကစားလိုက်ရသည်ကို သူပျော်သည်။ သူ ချမ်းမြေ့လှ၏။

သူ လသားအရွယ်က နာမည်ပေးရန် နာမည်ရွေးစဉ်ကလည်း သူ မသိ။ သူ၏နာမည်လေးက လှပ၍ အဓိပ္ပာယ်ကြွယ်သော မင်္ဂလာကျက်သရေ ဖြိုးဖြိုးဝေနေမည့်နာမည် ဖြစ်လိမ့်မည်ဟု သူမထင်။ ပုလဲဒါရှုဟူသော နာမည်ကို မရွေးခင် "ပုလဲဒါလီ"ဟူသော နာမည်ကို ရွေးခဲ့၏။ ဤနာမည်ကို ပထမဆုံးရွေးသူကတော့ သူ၏မိခင် ပုလဲဖေယျာ ဖြစ်သည်။ ယခုတော့ မြန်မာမှုလိုဖြစ်သွားကာ ပုလဲ၏ကိုယ်ပိုင်အမည်ကပင် ပုလဲဖေယျာ ဖြစ်နေသည်။ သူ့သမီးဦးကတော့ သူ့နာမည် ပုလဲကိုရှေ့မှာတပ်ကာ ပုလဲဒါလီဟု အမည်ပေးရန် ရွေးလိုက်၏။

"ဒါလီဆိုသည်မှာ လည်ဆွဲ"ဖြစ်၏။ လည်တွင် အမြဲဆွဲအပ်သော ပုလဲသွယ်ကဲ့သို့ ချစ်မြတ်နိုးဖွယ် ကောင်းလှပါသော သမီးလေးဟူသော အဓိပ္ပာယ်ကို ဆောင်၏။ ပြီးတော့လည်း...

"ချစ်ဒါလီ"

ဆိုသည်မှာ လက်ရှိခေတ် ရခိုင်ကဗျာစာဆိုတစ်ဦး၏ အမည်ဖြစ်၍ သူ၏မိခင် ဣန္ဒနီဘက်မှ မျိုးနွယ်ရခိုင်အမျိုးသားများလို ဂုဏ်ပြုရာ ရောက်သည်ဟု ပုလဲက ယူဆ၏။

မှန်၏။ သို့သော် ယဉ်ကျေးမှုအရာရှိကြီး ဦးမန်းကြီးက ဒါလီမှာ လှပသော်လည်း ရိုးသည်။ ပြီးတော့ အဖျားဆွတ်ခေါ်လျှင် "လီလီ"ဟု ခေါ်ကာ နူတ်ကျိုးသွားမှဖြင့် သူ့မြေးအမည်သည် အနောက်တိုင်းဆန်သွားမည်ဆိုကာ အဓိပ္ပာယ် ပိုမိုကြွယ်ဝပါသော...

"ပုလဲဒါရှု"

အမည်ကို အဆိုသွင်း၏။ အကြံပြု၏။ ကောင်းပေသား။ မဆိုးပါပေ။ ယခုတော့လည်း အားလုံးကပင် ဒါရှုဟု သူတို့ဆွေမျိုးစုတွင် အသစ်

mgyoe.com

mgyoe.com


တိုးလာသော သမီးသစ်ကလေးကို ချစ်စနိုးခေါ်ကြ၏။

ဒါရှ၏ မွေးနေ့ကျင်းပစဉ်က ဗုဒ္ဓ၏အဆုံးအမအတိုင်း မြစ်ဖြစ်သူအား အသက်ရှည်စေကြောင်း၊ မွေးနေ့ပွဲကြွလာသော ပရိသတ်များ အန္တရာယ်ကင်းပါစေကြောင်း အိမ်ပေါ်ထပ် ဘုရားဆောင်မှ မေတ္တာပို့ ဆုတောင်းသူမှာ အဘွားချုံဖြစ်သည်။

အဘွားချုံသည် အိမ်ပေါ်ထပ် ဘုရားဆောင်မှ မွေးနေ့ဧည့်ခံပွဲကို လှမ်းမျှော်ကြည့်ကာသာ ဆုတောင်းမေတ္တာ ပို့သနိုင်၏။ အောက်သို့ဆင်း၍ ဧည့်မခံနိုင်တော့ပေ။ ပုဂံမှ ပြန်လာကတည်းက သူ့ကျန်းမာရေးသည် ချွတ်ယွင်းလာခဲ့၍ ဤအိမ်ကြီး၏ အလှူပွဲတစ်ခုကို သူ ကြပ်မတ် မစီမံနိုင်တော့ပေ။ နံနက်အရုဏ်က ဘုန်းတော်ကြီးများအား အရုဏ်ဆွမ်းကပ်ပြီး ဘုရားခန်းထဲတွင် ဘုရားဝတ်ပြု ဆုတောင်းမေတ္တာပို့ခဲ့၏။ ဒါရှကလည်း မြက်ခင်းပေါ်မဆင်းခင် သူ့အား လာရောက်နှုတ်ဆက်ကာ ပါးပြင်ကို ပွေ့ဖက်နမ်းသွား၏။

"ဘွားဘွားရဲ့မြေးလေး ဒါရှ ကိုယ်စိတ်နှစ်ဖြာ ချမ်းမြေ့ရွှင်လန်းပါစေ" အဘွားချုံက ဆုတောင်း၏။ အမှန်တော့ ပုလဲဒါရှသည် မြစ်တော်စပ်သည်။

ကြွလာသော ဆွေမျိုးစု၏ အရင်းနှီးဆုံး ၄၊ ၅၊ ၁၀ ဦးလောက်ကိုသာ ဘုရားဆောင်တွင် အကန်တော့ခံပြီး အဘွားချုံသည် သူ့အိပ်ခန်းသို့ ပြန်ခဲ့၏။ ထိုနေ့ကတည်းက ကျန်းမာရေး တိုးတက်မလာခဲ့သော အဘွားချုံသည် ယခုတော့ အိပ်ရာပေါ် ဗုန်းဗုန်းလဲခဲ့ပြီ။

"ဝိပဿနာသည်ပင်လျှင် လောကီနယ်မြေ ဖြစ်နေသေးတဲ့အတွက် ဒါယိကာမကြီး အဘွားချုံ ယခုလို စိတ်ထိခိုက်လဲကျသွားခြင်းဟာ အံဆိုးမဆိုသာဘူး"

ဒါရှ၏ မွေးနေ့နောက်ပိုင်း အဘွားချုံ၏ ဆရာတော် ဦးရေဝတ

mgyoe.com

mgyoe.com


အား ဆွမ်းကပ်သောနေ့တွင် ဘရဏီနှင့် ပုလဲတို့မိသားစုတို့အား ဆရာတော်က ပြောပြခဲ့၏။ ဘရဏီတို့ ပုလဲတို့ မိသားစုက ဝိပဿနာဆိုသည်မှာ ဘာလဲဟူသည်ကိုပင် မြည်းစမ်း၍မကြည့်ကြသေး။ အဘွားချုံ လိုအင်ဆန္ဒကို ပြည့်ဝစေရန်သာ သူကိုးကွယ်သော ဆရာတော်ဦးရေဝတကို ပင့်ဖိတ်ဆွမ်းကပ်ကြခြင်းဖြစ်သည်။

ဝေဒနာကို ခံစားရင်း ဆရာတော် မိန့်မှာခဲ့သည့်အတိုင်း တည်ငြိမ်ငြိမ်အေးချမ်းစွာနှင့် နောက်ဆုံးနေ့ကို ရင်ဆိုင်စောင့်စားနေပါသောအဘွားချုံအား တွေ့ရ၍ ဘရဏီသည် စိတ်ဖြေသာသည်။

ဪ.....ဘာလိုလိုနှင့် ဤအိမ်ကြီးတွင် အဘွားချုံနေရာ၌ ဘရဏီအလိုအလျောက် ဝင်လာရချေပြီတကား။

သူ့စိတ်ထဲတွင် သူသည် မြင်းကပါရပ်တွင် သူသည် ရည်ရွယ်ချက် "ဦးဆောက်ပန်း" ကျောင်း၌ သူ့ဘဝကို မြှုပ်နှံရတော့မည်ထင်သည်။

သို့သော် ဘယ့်နှယ်ဘယ့်နှယ် ဤရန်ကုန် အိမ်ကြီးပေါ်ရှိ ပင့်ကူမျှင်တွင် သူသည် လာရောက်တွယ်ရပြန်ပါသနည်း။

"မာန်ကြီးလှသော မေဘရဏီ ယခုတော့ ဘာများတတ်နိုင်ပါသနည်း"ဟု သူ့ကိုရယ်မောပြောင်လှောင်၍ မေးခွန်းများမေး၏။

"ဘွားငယ် ဘွားငယ် ကကနဲ့ ဘဘဆီသွားမယ်"

သူ၏ပါးပြင်ကို ဒါရှုသည် ဖြည်းညင်းစွာ နမ်းကာ ပူဆာနေ၏။

"အေးပါ သမီးလေးရယ်၊ လာ အောက်ကို သွားမယ်နော်"

ခြေသံမကြားအောင် မြေးငယ်ကို လက်ဆွဲ၍ ဘရဏီသည် အဘွားချုံအခန်းမှ ထွက်ခဲ့၏။

"နာနီ ကိုသော်ကကို ကားထုတ်ခိုင်းပြီး ဆင်ဝင်အောက်က စောင့်နေနော်။ ဒါရှုကို အကျႌလဲပေးပြီး အန်တီအောက်ကိုဆင်းလာမယ်"

ဘရဏီသည် ကလေးကို အကျႌလဲပေးကာ အောက်ထပ်ဆင်းသွား၏။

mgyoe.com

mgyoe.com


နာနီနှင့် ဒါရှုကို ကားပေါ်တင်ပေးလိုက်သည်။ ကားထွက်သွားချိန်တွင် ပုလဲသည် သူ့အပါးတွင် လာရပ်၏။

"အန်တီငယ် အန်တီငယ် ဒါဘာလုပ်တာလဲ"

"ဒါရှု သူ့ဘာဘာဆီ သွားချင်တယ်ဆိုလို့ ကိုသော်ကကို ပို့ခိုင်းလိုက်တာလေ"

ပုလဲသည် သက်ပြင်းကြီး ချလိုက်၏။

"ခက်လိုက်တာနော် အန်တီငယ်ကလည်း ဟိုကောင်မလေးကိုပါ ဆေးနဲ့လုပ်ထားရင် ဘယ့်နှယ့်လုပ်မလဲ"

"ဆေး၊ ဘာဆေးလဲ ပုလဲရယ်။ ဒါတွေ အယူမရှိပါနဲ့။ ပြီးတော့ အဘွားချုံရဲ့နောက်ဆုံးအချိန်မှာ သူသံယောဇဉ် တွယ်ငြိစရာ အနီးအနားမှာ ဘာမှမရှိစေချင်ဘူး။ စိတ်ထိခိုက်စရာ အာရုံတွေလည်း ဘာမှ မတွေ့စေချင်ဘူး"

"ဟုတ်တယ်၊ ပုလဲသတိထားမှာပေါ့။ တိုးတိုးပြောလေ"

ကိုစောဦးသည် ပုလဲလက်မောင်းကို ကိုင်လှုပ်ရင်း မျက်လုံးဝင်းဝင်းတောက်နေကာ အော်ဟစ်ပြောဆိုနေသော ပုလဲကို သတိပေးလိုက်၏။

"အဘွားချုံအနားမှာ နပ်စ်တစ်ယောက်တည်းရှိတယ်။ ပုလဲသွားလိုက်ဦး။ အန်တီငယ် အခုပဲ ဒေါက်တာစံဖိုးကို ဖုန်းဆက်ပြီး အပေါ်တက်လာခဲ့မယ်"

ပုလဲသည် ဘရဏီကို မလွန်ဆန်နိုင်သလို ဖြည်းညင်းစွာ ခေါင်းငိုက်စိုက်ချ၍ လှေကားပေါ် ပြန်တက်သွား၏။ ဘရဏီသည် ကိုစောဦးအား ခေါ်ယူကာ ဧည့်ခန်းတွင်းသို့ ဝင်သွားတော့သည်။

"ဩော်... ဒီအိမ် မိသားစုဟာ ဖြစ်လိုက်ရင်တော့ ခပ်သည်းသည်းကြီးပဲနော်"

mgyoe.com

mgyoe.com


ဘရဏီသည် ယခင် ဦးဖေယျ ထိုင်နေကျ ဆိုဖာပေါ်တွင် ခြေပစ်လက်ပစ်ထိုင်ချရင်း ညည်းတွားလိုက်၏။ သူသည် အခန်းထောင့်မှ ပုလဲ၏ စောင်းပိုက်ထားသော ပန်းချီကားကို စေ့စေ့ကြည့်နေသည်။ သူ့အပါးမှ ဆိုဖာပေါ်တွင် ကိုစောဦးလာထိုင်တော့ သူစကားစပြော၏။

"ဘာတွေများ ဖြစ်နေကြပါလိမ့်နော်"

"ဟုတ်ပါတယ် အန်တီငယ်ရယ်။ ကျွန်တော့်မှာတော့ တွေးလည်း မတွေးတတ်အောင်ပါပဲ။ မျက်နှာလည်းပူတယ်" ကိုစောဦးကလည်း သက်ပြင်းချကာ ပြောလိုက်၏။ ဘရဏီက ဘာထပ်ပြောဦးမည်ကို စောင့်၍ နားထောင်နေပုံရ၏။

"တွေးလည်း တွေးမနေနဲ့တော့၊ ဖြစ်လာတဲ့ အဖြစ်ကို ဘရဏီတို့ ကြည့်လုပ်သွားရုံပဲ။ ခု ဒေါက်တာစံဖိုးဆီကို တယ်လီဖုန်းဆက်၊ ဒုတိယ ဦးမန်းကြီးဆီကိုဆက်၊ နှစ်ယောက်စလုံး အမြန်ဆုံးလာခဲ့ကြပါလို့၊ အဘွားချုံအခြေအနေ သိပ်မကောင်းဘူးလို့ ဟုတ်လား။ ဘရဏီတော့ အဘွားချုံနားမှာ သွားနေဦးမယ်"

ဘရဏီသည် သိပ်လှုပ်ရှားနေသည်။ သူ့စိတ်ကို မထိန်းနိုင်ပုံကို ဟန်အမူအရာက ပြနေ၏။ ထတော့မည်ဟု ဟန်ပြင်ပြီးမှ ဆိုဖာပေါ် ပြန်ထိုင်၏။

"ခက်တာက သေတဲ့လူက သေမှာပဲ"

"ဟုတ်ကဲ့ အဘွားချုံ။ သူ.....သူ ကျွန်တော်တို့ကို ခွဲသွားတော့မယ် နော်။ ပုလဲရဲ့ အဘွားဆိုပေမဲ့ ဒီအိမ်ကြီးမှာ ကျွန်တော်သူ့ကို စတွေ့ချိန် ကစပြီး ဒီနေ့ထိတိုတောင်းတဲ့ အချိန်ကလေးမှာ သူ့သိက္ခာနဲ့ အုပ်ချုပ်ပုံကို လေးစားမိပါတယ် ခင်ဗျာ"

ကိုစောဦးသည် ဝမ်းနည်းသောမျက်နှာနှင့် ဖြည်းဆေးစွာ ပြောလိုက်၏။

mgyoe.com

mgyoe.com


"ခုအဖြစ်က အဘွားချုံထက် စိုးရိမ်စရာကောင်းနေတာက ပုလဲ" ဘရဏီတောက်လျှောက် ပြောချလိုက်လျှင် ကိုစောဦးသည် မျက်လုံးပြူး သွား၏။

"ပုလဲ... ပုလဲ ဘာဖြစ်လို့လဲ အန်တီငယ်၊ သူ့ ကျန်းမာရေးကောင်း နေပါတယ် အန်တီငယ်"အချစ်ဆုံး ဇနီးအတွက်ဆိုတော့ ကိုစောဦးသည် လည်း ထိတ်ထိတ်ပျာပျာနှင့် ပြောလိုက်၏။

"သူ့ကျန်းမာရေး မဟုတ်ဘူး ကိုစောဦး၊ စိတ်စိတ်။ နောက်မှ ဖြည်းဖြည်းဆေးဆေး ဘရဏီ ရှင်းပြမယ်။ လောလောဆယ် ကိုစောဦး ပုလဲကို တာဝန်ယူပါ။ မိန်းမတွေဟာ ကိုယ့်ချစ်သူ ပြောစကားကို နား ထောင်တတ်ပါတယ်။ အဘွားချုံ သေသွားရင်ရော၊ မသေခင် လောလော ဆယ်ဆယ်မှာရော ပယောဂဂိုဏ်းဆရာ အထက်လမ်း၊ အောက်လမ်းတွေ ကို ဘယ်သူ့ကိုမှ အိမ်ပေါ်ကိုလည်း ပင့်မလာပါစေနဲ့။ အန်တီငယ် မသိအောင်လည်း မသွားပါစေနဲ့။ သတိထားပါ ကိုစောဦး။ ကဲ အန်တီငယ် အဘွားချုံနား သွားလိုက်ဦးမယ်။ ဒေါက်တာစံဖိုးလာရင် အပေါ်လွှတ် လိုက်ပေတော့"

ဘရဏီ ဧည့်ခန်းတွင်းမှ ထွက်သွားလျှင် ကိုစောဦးသည် တယ်လီ ဖုန်းဆက်ပြီး ဆိုဖာပေါ် ပြန်ထိုင်၏။ သူ့ဘာသာတစ်ယောက်တည်း စဉ်းစားနေမိ၏။ အဘွားချုံရောဂါသည် အသက်ကြီးနာတာရှည် လူအို ရောဂါဖြစ်သည်ကို ဆရာဝန်၊ မြန်မာဗိန္ဒောဆရာများနှင့်သာ ကုသခဲ့၏။ သူ၏ဇနီး ပုလဲကလည်း သဘောတူလက်ခံသည်။ သို့သော် ဘရဏီ၏ စကားလုံးတွင် "ပယောဂ" ဆရာဆိုတော့ ဘယ်သူ့ကို ရည်ညွှန်း၍ ဘာကိုဆိုလိုပါသနည်း။ ပြီးတော့ "အဘွားချုံသေသွားရင်" ဆိုသော အချိန်ကာလပိုင်းကို ညွှန်းပြသောကြောင့် ဆက်လက်စဉ်းစားစရာ ဖြစ် ၏။ အိမ်ရှေ့မှ ကားဆိုက်သံ၊ ကားတံခါးဖွင့်သံများသည် သူ့အတွေးမျှင်

mgyoe.com

mgyoe.com


ကို ရပ်စေသည်။ သူသည် ဆင်ဝင်အောက်သို့ ပြေးဆင်းလာသောအခါ ဒေါက်တာစံဖိုးကို တွေ့ရသည်။ ဆေးအိတ်ကို ဆီးကြိုယူကာ အပေါ်ထပ်သို့ နှစ်ယောက်သား တက်သွားသည်။

အဘွားချုံနားတွင် ခုတင်ပေါ် ဘေးတစ်ဖက်တစ်ချက်၌ ပုလဲနှင့် ဘရဏီ ထိုင်နေကြသည်။ သူနာပြုဆရာမလေးသည် အဘွားချုံ ခုတင်ဘေးရှိ ကုလားထိုင်ပေါ်တွင် ထိုင်နေရာမှ ဒေါက်တာစံဖိုးကိုမြင်လျှင် ထပေးလိုက်သည်။

လူနာသည် မျက်လုံးကိုမဖွင့်၊ ဖြည်းညင်းစွာ လေသံနှင့် ပြောလိုက်၏။

"ဘာမှမမေးပါနဲ့၊ တရားမှတ်လို့ ရပါတယ်" သူတို့သည် ဘာကိုမှ မပြောကြ၊ တိတ်ဆိတ်စွာ လုပ်စရာရှိသမျှကို လုပ်ကြသည်။ ဒေါက်တာစံဖိုးက အကြောဆေးတစ်လုံးကို ထိုးပေးလိုက်သည်။ အိမ်အောက်မှ ကားဆိုက်သံ ကြားပြန်သည်။

"ပုလဲ၊ အန်ကယ်မန်းကြီးတို့ ထင်တယ်၊ သွားကြိုနေ"

ဘရဏီက ပြောလိုက်လျှင် ပုလဲနှင့်အတူ ကိုစောဦးပါ ဆင်းသွားသည်။ ဘရဏီသည် ဒေါက်တာစံဖိုးအနားသို့ကပ်၍ လေသံနှင့် ပြောလိုက်သည်။

"တတ်နိုင်သလောက် ပုလဲကိုပြောပါ၊ ဘရဏီလည်း ရှိတယ်၊ နပ်စ်လည်း ရှိတယ်။ ဒါကြောင့် အိပ်ရာပေါ်မှာ နားနားနေနေ နေပါလို့။ ပြီးတော့လည်း ဆရာ ပြန်မသွားပါနဲ့ဦး ဘရဏီ စကားပြောစရာရှိတယ်"

သူတို့နှစ်ယောက် ခုတင်နားတွင် ပြန်လာရပ်၏။ အခန်းတွင်းသို့ ဦးမန်းကြီး ဇနီးမောင်နှံသည် ခြေဖော့နင်းကာ ဖြည်းဖြည်းကလေး ဝင်လာသည်။ နောက်မှ ပုလဲနှင့်ကိုစောဦး လိုက်လာကြသည်။

ဒေါက်တာစံဖိုးသည် ပုလဲနှင့် ကိုစောဦးကို လက်တို့ခေါ်ကာ

mgyoe.com

mgyoe.com



အပြင်ဧည့်ခန်းကို ထွက်သွားသည်။

"အန်ကယ် ပုလဲကို တစ်ခုတောင်းပန်ချင်တယ်။ ပုလဲမှာ စိတ်ထိခိုက်လှုပ်ရှားစရာတွေ ခဏခဏတွေ့နေရတော့ အိပ်ရာပေါ်မှာ နားနားနေနေ နေပါကွယ်။ မောင်စောဦးကလည်း အနားမှာ မပြတ် သတိပေးပါ။ ပုလဲ၊ မင်းရဲ့ အန်တီငယ်ကို မသနားဘူးလား။ ညကျလည်း အဘွားချုံနားက ပုလဲ မခွာဘူးဆို။ တော်ကြာ အားပြတ်လဲနေမှ အန်တီငယ် ပိုစိတ်ပင်ပန်းနေဦးမယ်"

ဆိုဖာပေါ်တွင် မထိုင်ခင်ပင် ဒေါက်တာစံဖိုးက ပြောလိုက်၏။

"ခုလည်း ပုလဲကြည့်ရတာ အားရှိပုံမပေါ်လို့ အန်ကယ် ဆေးတစ်လုံး ထိုးချင်တယ်"

"ဟုတ်ကဲ့၊ ဒါပေမဲ့ ပုလဲ သိပါတယ်။ အခုချိန်ဟာ အဘွားချုံရဲ့ နောက်ဆုံးရက်တွေပါ။ သူ့အပါးမှာ ပုလဲ အမြဲရှိချင်တယ်။ ဒါကိုတော့ မတားပါနဲ့"

"မတားပါဘူး။ နားနားနေနေပေါ့၊ အိပ်ချိန်၊ စားချိန် မှန်ပေစေ အန်ကယ် အဘွားချုံနား သွားဦးမယ်"

ပုလဲက နောက်ချန်မနေရစ်၊ ဒေါက်တာနောက်မှ ပြန်လိုက်သွား၍ ကိုစောဦးကလည်း မနေသာပြန်ချေ၊ လိုက်သွားရပြန်သည်။

အဘွားချုံအနားတွင် ဘယ်သူကမှ ပရိတ်ရွတ်ဖို့မလို၊ ကြေးစည်လည်းမခတ်၊ သူသည် ဝိပဿနာ ရှုမှတ်မှုကို အဖော်ပြုကာ ငြိမ်သက်အေးချမ်းစွာပင် ဤသောကနယ်မြေကို နာရီဝက်အတွင်း စွန့်ခွာသွား၏။

သမုဒယသားကောင် ကျန်ရစ်သူတို့အထဲတွင် ပုလဲသည် ထ၍မရ၊ ပျော့ကျသွား၍ မောင်စောဦးနှင့် နပ်စ်သည် ပုလဲကို ပွေ့ချီကာ သူတို့အိပ်ခန်းသို့ ခေါ်ယူသွားကြ၏။ ဒေါက်တာစံဖိုးသည် နောက်မှ

mgyoe.com

mgyoe.com



ထက်ကြပ်မကွာ လိုက်သွားသည်။

ဒေါ်ခင်မြတ်စံနှင့် ဘရဏီသည် လုပ်စရာရှိသည်များကို လုပ်နေဆဲ ဦးမန်းကြီးသည် ဘာကိုမှမလုပ်နိုင်၊ အဘွားချုံလက်ကို တအားဆုပ်၍ သူသည် ယောကျ်ားပေမဲ့ စိတ်မထိန်းနိုင်သလို အသံထွက်၍ ငိုချလိုက်သည်။

သူ့စကားလုံးများက အဘွားချုံအမည်ကို ရေးဦး မခေါ်၊ ဘရဏီနှင့် ဒေါ်ခင်မြတ်စံပင် မျက်ရည်လည်ရွဲနှင့် ဦးမန်းကြီးကို ကြည့်နေမိကြသည်။

"ငဖေယျာရေ ငဖေယျာကြီးရဲ့ အဖြစ်ဆိုးလိုက်လေခြင်း၊ အမေ့ထက်တောင် ကျေးဇူးကြီးတဲ့ အဘွားချုံရဲ့ နောက်ဆုံးအချိန်မှာ မင်းအနားမှာ မရှိနိုင်ဘူးနော်"

သူသည် ရှိုက်ကြီးတငင် ငိုချလိုက်၏။

"တိုးတိုးလေ ကိုကို၊ ဘာဖြစ်လို့ ကိုဖေယျာနာမည်ကို တငိုရသလဲ၊ ပုလဲကြားရင် ပိုစိတ်ထိခိုက်စရာ ဖြစ်မယ်"

ဒေါ်ခင်မြတ်စံသည် ဦးမန်းကြီးလက်ကို ကိုင်ကာ သတိပေးလိုက်၏။

"ငိုပါစေလေ၊ လွတ်လွတ်လပ်လပ် ငိုပေစေတော့။ နောက် တစ်နာရီအတွင်း ပုလဲ မနိုးလာအောင် ကျွန်တော်လုပ်ခဲ့ပြီ" အခန်းတွင်း ဝင်လာသော ဒေါက်တာစံဖိုးက ပြောလိုက်၏။

"ပြီးတော့ ပုလဲအနားမှာ မောင်စောဦးကို အစောင့်ထားခဲ့တယ်"

ဘရဏီ ထုတ်ပေးသော ပိုးပျော့ပဝါ ဖြူဖြူပါးပါးနှင့် လုံချည် အင်္ကျီတို့ကို ဆရာမလေးနှင့် ဒေါ်ခင်မြတ်စံတို့သည် အဘွားချုံကိုယ်ပေါ်တွင် လွှမ်းခြုံပေးလိုက်သည်။ တစ်နာရီအတွင်းမှာပင် ပန်းတောများအလယ်တွင် နှစ်ခြိုက်စွာအိပ်ပျော်နေသော အဘွားချုံကို သူတို့ တွေ့ရ

mgyoe.com

mgyoe.com



သည်။

ဦးမန်းကြီးသည် ဆောက်တည်ရာ မရနိုင်သေး၊ ခုတင်ပတ်လည်တွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေ၏။ ဘရဏီသည် သူနာပြုဆရာမလေးကို ပုလဲအခန်းသို့ လွှတ်ရင်း...

"ပုလဲ အနားမှာ ဆရာမစောင့်နေနော်၊ မောင်စောဦးကို ဒီလွှတ်လိုက်"ဟု ပြောကာ ဒေါက်တာစံဖိုးနှင့် ဒေါ်ခင်မြတ်စံကို အဘွားချုံအခန်းအပြင်ရှိ ဧည့်ခန်းသို့ ခေါ်သွားပြန်သည်။

"အန်တီမြတ်၊ ဒေါက်တာရော၊ ဘရဏီကို ကူပါဦး"

သူသည် မောလျစွာ အသက်ရှု၍ ဆိုဖာပေါ် ထိုင်ချရင်း ပြောလိုက်၏။ သူတို့နှစ်ယောက်သည် ဘရဏီပြောမည်ကို အသင့်နားထောင်နေကြဟန်နှင့် တစ်ဖက်တစ်ချက် ဆိုဖာပေါ်တွင် ထိုင်လိုက်သည်။

"သေတဲ့လူက သေသွားပြီ ပြဿနာက ကိုကိုကြီး ပြဿနာ၊ သူ့မိခင်လို ကျေးဇူးကြီးမားပြီး သူတို့ဆွေစဉ်မျိုးဆက်ကို အုပ်ချုပ်ထိန်းသိမ်းခဲ့တဲ့ အဘွားချုံ နောက်ဆုံးရက်ကို အသိမပေးတာကိုပဲ ဘရဏီတို့လွန်လှပြီလို့ ထင်တယ်"

"ဟုတ်တယ်" ဒေါက်တာ စံဖိုးက ပြော၏။

"ဒီတော့ ဘာလုပ်ရမလဲ" ဒေါ်ခင်မြတ်စံက အကြံဉာဏ်တောင်း၏။

"ဘရဏီလုပ်ချင်တာကတော့ ဒီလိုပဲ အဘွားချုံ ဖြစ်သွားပြီလို့ အကြောင်းကြားလိုက်မယ်လေ၊ အကြောင်းကြားရမှာက ဘရဏီတို့တာဝန်၊ လာတာ၊ မလာတာက သူ ဆုံးဖြတ်ပစေ။ ခက်တာက တစ်ခုပဲ၊ ကိုကိုကြီးလာခဲ့သော် ပြဿနာတက်မှာက ပုလဲ၊ ဘယ်လို အဖေကိုချစ်လို့ရှိသေခဲ့တယ်ဆိုပေမဲ့ အဲဒီမိန်းမ ပုလဲတို့အိမ်ပေါ် မတက်စေရဘူးလို့ ထအော်ရင် လူပုံအလယ် အရှက်ကွဲမှာထက် သားအဖ သွေးကွဲစရာ

mgyoe.com

mgyoe.com


ပိုဖြစ်မယ်။ ဟိုမိန်းမက လိုက်လာပြီး ငြိမ်ငြိမ်သက်သက်နေရင် ကောင်းမယ်။ ခပ်စွာစွာရယ်။ တော်ကြာ ရန်ပွဲဖြစ်လာရင် ဒီဒေါ်သက ပုလဲကို နှိပ်စက်မှာ၊ ပုလဲ ထပ်ပြီး လဲသွားရင်ဖြင့်"

"သူ လာမယ့်အချိန်ကိုသိရင် ပုလဲနဲ့ မတွေ့နိုင်အောင် တို့များ ကြည့်လုပ်မှာပေါ့။ ပုလဲရဲ့အချစ်တော် မေရီ ရှိပါတယ်လေ၊ မေရီကိုလည်း ကိုယ် တယ်လီဖုန်း ဆက်ခေါ်လိုက်မယ်" ဒေါက်တာစံဖိုးက ဝင်ပြော၏။

"ကျွန်တော့်ကို ခေါ်တယ်ဆို" မောင်စောဦးသည် ဘရဏီ အနားမတ်တတ်ရပ်ကာ မေးလိုက်၏။

"ဟုတ်တယ်၊ ဖုန်းဆက်သင့်တဲ့ ဆွေမျိုးတွေကို ဆက်လိုက်၊ သတင်းစာထဲ ထည့်ဖို့လည်း စီစဉ်နော်၊ ပုလဲအကြောင်း သိတယ်မို့လား၊ သတင်းစာထဲထည့်ရင် ကိုကိုကြီးနာမည်ကိုသာထည့်၊ ဟိုမိန်းမနာမည် မထည့်နဲ့"

"ကျွန်တော် တယ်လီဖုန်းဆက် အကြောင်းကြားရမယ့်သူတွေဆီ ကြားဦးမယ်"

"ဘာလဲ... ဘာလဲ ဟိုကောင်... ဟိုကောင် ငဖေယျာဆီကို တယ်လီဖုန်း ဆက်ကြမလို့ပေါ့လေ"

ဦးမန်းကြီးသည် နားစွန်နားဖျားအကြားနှင့် သူတို့အနား ပြေးလာထိုင်ကာ ပြောလိုက်၏။

"ကိုကိုကလည်း ခင်မြတ်ပြောတာကို နားထောင်ပါဦးနော်။ ဒါဟာ ကိုကိုတို့ ဆွေရေးမျိုးရေး၊ ကိုကိုနဲ့စပ်မှ ခင်မြတ်က အဘွားချုံကို အဒေါ်တော်ရတာ၊ ပုလဲနဲ့ကိုဖေယျာ ပြဿနာလည်း ကိုကိုအသိ၊ ဘရဏီကိုလည်း သနားပါဦး၊ ကိုကိုချစ်သလို ကိုဖေယျာလည်း အဘွားချုံကို ချစ်မှာပေါ့။ နို့တိုက်မမွေးရတာကလွဲလို့ အမေအရင်းလို ပြုစုလာခဲ့တဲ့

mgyoe.com

mgyoe.com



အဘွားချုံကို သေခါနီးလည်း မတွေ့ရ၊ အလောင်းလေးကိုတောင် မမြင်လိုက်ရဘူးဆိုရင် ကောင်းမလား"

"ကောင်းတယ်... ကောင်းတယ်၊ ဒီကောင်က မမြင်အပ် မမြင်ထိုက်တဲ့အကောင်၊ ဟောဒီ အိမ်ကြီးပေါ်ကိုတောင် တက်ထိုက်အောင်၊ ဟောဒီ အိမ်ရိပ်ကိုတောင်နင်းဖို့ ဘုန်းကျက်သရေတောင် မရှိတော့ဘူး၊ မင်းတို့သိရဲ့လား။ ငဖေယျာ ရေစုန်မျောနေတဲ့ဘဝကို မင်းတို့ သိရဲ့လား"

ဦးမန်းကြီးသည် ဒေါနှင့်မောနှင့် ပြောလိုက်၏။ ဒေါ်ခင်မြတ်စံသည် သူ့ရင်ဘတ်ကို ပုတ်လိုက်တာ...

"ခက်လိုက်တာ ကိုကိုရယ်၊ ခင်မြတ်တော့ သေချင်တာပဲ၊ ဒီစကားလုံးတွေကို ပုလဲကပြောရမှာ။ ပုလဲ ပြောမှားဆိုမှားမဖြစ်အောင်၊ သားအဖနှစ်ယောက်ကြား ပြဿနာ ပိုကြီးမလာအောင်၊ ပြေပြစ်အောင် ဘယ်လိုလုပ်မလဲလို့ တိုင်ပင်နေကြတာ ကိုကိုရောက်မှ ပိုဆိုးနေတော့တယ်"

"ဒီနေရာမှာ ငါ့တူမက မှန်တယ်၊ ဟောဒီကောင်မျက်နှာကို ငါတောင် မကြည့်ချင်ဘူး၊ ဟိုကောင်မ ပါလာရင်တော့ ငါလက်သီးနဲ့ကို ဆွဲထိုးမှာ..."

"ကဲ... နောက်မှ လက်သီးနဲ့ဆွဲထိုးရုံတင် မဟုတ်ဘူး၊ သေနတ်နဲ့ ပစ်သတ်ကြ အေးရော။ လောလောဆယ် ကိုဖေယျာလာတဲ့အခါ မျက်နှာချင်းမဆိုင်ချင်ဘူးဆိုရင် အိမ်ပြန်ချင်ပြန်နေ၊ မနေရင် ဟိုမီးဖိုဆောင်အပေါ်က ဒါရူကစားခန်းမှာ သွားနေ။ အကြောင်းကြားတာကတော့ ကြားရမှာပဲ"

"ဒီကောင်လာရင် ငါမတွေ့ချင်ဘူးဆိုတာတော့ မင်းတို့မှတ်ထား၊ ပုလဲရော..."

"ကိုကို ငြိမ်ငြိမ်နေ၊ ပုလဲအိပ်ပျော်အောင် လုပ်ထားတယ်။ အဘွား

mgyoe.com

mgyoe.com



ချုံနဲ့ရော၊ ကိုကိုနဲ့ရော နီးစပ်သမျှ အမျိုးတွေကို ကိုကိုကသာ ပိုသိတာ။ အရေးအကြီးဆုံး သိသင့်တဲ့သူတွေစာရင်း မောင်စောဦးကို ပေးလိုက်ပေါ့"

ဒေါ်ခင်မြတ်စံ ပြောသည်ကို ဦးမန်းကြီးသည် မကျေမနပ်နှင့် နားထောင်ရင်း တယ်လီဖုန်းရှိရာသို့ ထသွားသည်။

ဘရဏီသည် သက်ပြင်းကြီးချကာ သူ့စကားကို သူဆက်ပြော၏။

"ကိုသော်ကနဲ့ ဒါရှုတောင် ကိုကိုကြီးဆီက ပြန်လာပြီလား မသိ။ မနက်တုန်းက ဒါရှုက ပြောတယ်၊ ကကနဲ့ ဘဘကြီးဆီသွားမယ်ဆိုလို့ ဘရဏီက လွှတ်လိုက်တာ၊ ပုလဲက နောက်ကို သူ့သမီးကိုလည်း မလွှတ်ရဘူးတဲ့၊ ဘရဏီ အောက်သွားပြီး ဒါရှုတို့ ပြန်လာမလာ ကြည့်လိုက်ဦးမယ်၊ ဘာပဲပြောပြော ဘရဏီအနေနဲ့ကတော့ ဟိုမိန်းမနဲ့ ကိုကိုကြီးကို ခွဲပြီး မြင်ကြစေချင်တယ်။ ခုကိစ္စမှာလည်း သွားအကြောင်းကြားဖို့ ကိုစောဦးကို လွှတ်မယ်။ သူ့သမက်ကိုယ်တိုင် လေးလေးစားစား သွားပြီး အကြောင်းကြားတယ်ဆိုတော့ ကိုကိုကြီးရဲ့သိက္ခာကို ဘရဏီတို့မိသားစု ရှိသေလျက် ရှိနေသေးတယ်ဆိုတာ ပြရာရောက်တာပေါ့နော် ဒေါက်တာ..."

"ဟုတ်ပါတယ် ဟုတ်ပါတယ်၊ ဒေါ်ခင်မြတ်စံကလည်း ဦးမန်းကြီးကို ဖျောင်းဖျပြောပါ၊ ပြောမရတော့လည်း ခုနအစီအစဉ်အတိုင်း ညီအစ်ကိုနှစ်ယောက် မျက်နှာချင်းမဆိုင်ဖြစ်အောင် ဒေါ်ခင်မြတ်စံ တာဝန်ယူတာပေါ့"

"ဟုတ်ကဲ့" ဒေါ်ခင်မြတ်စံ ပြောလိုက်သည်။ ကိုစောဦးကို ခေါ်ကာ အောက်ကိုဆင်းသွားသည်။

"ကိုစောဦး၊ ကိုသော်ကနဲ့ ဒါရှု ကိုကိုကြီးဆီသွားတာ ပြန်လာပြီလားမသိ၊ လာရင်လည်း ကိုသော်ကရဲ့ ကားနဲ့သွား။ မလာသေးရင် အန်ကယ်မန်းကြီးတို့ကားကို ယူသွားပြီး အဘွားချုံအကြောင်းကို ပြောပြ။ သူ လာမယ်ဆိုရင်လည်း ဟိုမိန်းမ မပါလာအောင် တတ်နိုင်သလောက်

mgyoe.com

mgyoe.com



ကိုစောဦး ညာဏ်စွမ်းရှိသရွေ့ ဖန်တီးပေတော့"

ဘရဏီတို့နှစ်ယောက် ဆင်ဝင်အောက်တွင် စကားပြောနေဆဲ ကိုသော်ကကား ပြန်လာ၏။

"ကဲ... အဆင်သင့်ပဲ၊ ကိုသော်ကကားနဲ့ပဲ ကိုစောဦးသွားနော်"

ဒါရှသည် နာနီနှင့်အတူ ကားပေါ်မှဆင်းလာကာ ဘရဏီအနားသို့ ပြေးလာ၏။

"လာလာ... ဒါရှ၊ ဘွားငယ်တို့ ခြံထဲလမ်းလျှောက်ရအောင်၊ နာနီ လည်းလိုက်ခဲ့" ကလေးကိုလက်ဆွဲကာ ဘရဏီသည် မြက်ခင်းဘက်သို့ ထွက်လာခဲ့၏။ မြက်ခင်းတစ်နေရာ ခုံတန်းပေါ် ဘရဏီထိုင်လိုက်၏။

"ဘဘကြီး နေကောင်းလား ဒါရှ"

မြေးငယ်၏ နဖူးကိုနမ်းကာ ဘရဏီမေးလိုက်၏။

"နေကောင်းပါတယ် ဘွားငယ်"

"နာနီ၊ ကလေးကို ရေချိုး၊ ထမင်းကျွေးပြီး၊ သူ့အခန်းထဲမှာပဲသိပ်၊ ပုလဲ နေမကောင်းချင်ဘူး၊ ပုလဲအခန်းထဲကိုရော၊ အဘွားချုအခန်းထဲကို ရော ဒါရှကို ခေါ်မသွားနဲ့နော်"

ဘရဏီသည် အဘွားချု ဆုံးသွားကြောင်း အင်္ဂလိပ်လို နာနီအား ပြောလိုက်သည်။ နာနီသည် ဝမ်းနည်းကြောင်းပြောကာ ဒါရှအား အိမ်ကြီးထဲသို့ ခေါ်သွင်းသွားတော့သည်။

ကိုသော်က၏ကား ဆင်ဝင်အောက် ထိုးရပ်လိုက်သည်နှင့် တစ်ပြိုင်နက် ဘရဏီသည် ကားတံခါးကို အဆင်သင့်ဖွင့်ပေးလိုက် သည်။ သူ့လက်သည် အလိုအလျောက် ဆန့်တန်းလိုက်သလို ကားထဲမှ ဆင်းလာသည့် ဦးဇေယျာကို လက်ကမ်းကြိုမိ၏။

ဦးဇေယျာကလည်း ဘရဏီလက်ကို အားပြု၍ကိုင်သလို ဆွဲကိုင် ၍ ကားပေါ်မှဆင်းလိုက်သည်။ ရေခဲတုံး၊ ရေခဲတုံးလို လက်ဖျားများက

mgyoe.com

mgyoe.com



အေးစက်နေ၏။ ဘုရား၊ ဘုရား ကျန်းမာရေး အခြေအနေမှ ကောင်းပါရဲ့လား။ မျက်နှာကိုမော်၍ ဦးဇေယျာ၏မျက်နှာကို ဘရဏီ စေ့စေ့ကြည့်မိ၏။

ခြောက်လလောက် ကွဲကွာနေကြသည့် အတောအတွင်း ခြောက်နှစ်လောက် အိုမင်းရင့်ရော်သွားသလို ဦးဇေယျာ မျက်နှာသွင်ပြင်သည် သောကဖြင့် လောင်ကျွမ်းသွားပုံရ၍ ခေါင်းတစ်ခုလုံးကား ဖွေးဖွေးဖြူနေ၍ နားထင်က နာတာရှည်လူမမာလို ကျဆင်းနေသည်။ ဖြူရော်သွေ့ခြောက်သော နှုတ်ခမ်းနှစ်ခုကို ဖြည်းညင်းစွာ လှုပ်ရှားလိုက်၏။

"ဘရဏီ၊ ကိုကိုကြီးကို ဆွေစုမျိုးစုက ဝိုင်းပယ်လိုက်ကြပြီပေါ့နော်"

"မဟုတ်ပါဘူး ကိုကိုကြီးရယ်၊ တမင်ကို ဝိုင်းမပယ်နိုင်လို့ လေးလေးစားစား ကိုစောဦးကို အခေါ်လွှတ်ရတာပါ။ မောနေတုန်းက အကြောင်းမကြားမိတဲ့အတွက်တော့ ဘရဏီကို ခွင့်လွှတ်ပါ။ စိတ်ထဲမှာ နာတာရှည် လူအိုရောဂါဆိုတာ ခုလောက် မြန်မြန်ဆန်ဆန် ဖြစ်သွားလိမ့်မယ်လို့ ဘရဏီ မမျှော်လင့်လို့ပါ"

ဘရဏီသည် ဦးဇေယျာ စိတ်ချမ်းသာပါစေဟူ၍သာ မမှန်သော်လည်း မမှားသောစကားကို ပြောလိုက်ရ၏။ စင်စစ်တော့ အဘွားချုသည် ဦးဇေယျာကြောင့်ဖြစ်သော စိတ္တဇကြောင့် အစာမဝင်သည့်အဖြစ်က သူ့ကို အားပြတ်သွားစေတော့သည်။ ကိုစောဦးသည် တစ်ဖက်မှ ဦးဇေယျာ၏ လက်တစ်ဖက်ကို ဆွဲကိုင်ကာ အိမ်ကြီးပေါ်သို့ ဖြည်းညင်းစွာ တက်လာကြ၏။

"သမီးလေး၊ သမီးလေးပုလဲရော" အိမ်ပေါ်ထပ်လှေကားကိုတက်ရင်း ဦးဇေယျာက မေးလိုက်၏။

"သူလည်း ကျန်းမာရေး မကောင်းပါဘူး ပါပါ၊ သူ့အဘွားချုအတွက် နပ်စ်ရှိပေမဲ့ နေ့ရောညရောပြုစုလို့ သူသိပ်ပြီး ပင်ပန်းသွား

mgyoe.com

mgyoe.com


တယ်၊ ကျွန်တော်တို့ သူ့ကိုအိပ်အောင် လုပ်ထားကြပါတယ်”

ကိုစောဦးသည် တီးတိုးပြောပြ၏။

“သမီးလေး ကျန်းမာပါစေ၊ ပါပါလာတယ်လို့ သမီးလေးကို အသိမပေးနဲ့၊ သူစိတ်ထိခိုက်ပြီး အဘွားချုံလို လဲသွားမှဖြင့်”

“ဒါအတွက် မပူပါနဲ့ ပါပါ”

ဦးဇေယျာသည် ကိုစောဦးစကားကို ဘာမှပြန်မချေတော့။ ရင်ထဲမှတက်လာသော စကားလုံးများကို အနိုင်နိုင်မျိုချသလို တံတွေးမျိုချရင်း အဘွားချုံ အိပ်ခန်းထဲသို့ ဝင်လာ၏။

ခုတင်ပတ်ဝန်းကျင်တွင် ထိုင်နေသူအားလုံးသည် ဘယ်သူမျှ မနှုတ်ဆော် မတိုက်တွန်းဘဲ တစ်ခါက ဤအိမ်ကြီး၏ ဦးစီးခေါင်းဆောင်ကို မတ်တတ်ရပ်၍ ကြိုဆိုကြ၏။

“သားကြီးဇေယျာကို ခွင့်မလွှတ်ပါနဲ့ အဘွားချုံရဲ့၊ ခွင့်မလွှတ်ပါနဲ့”

ဦးဇေယျာသည် ပန်းလေးများပေါ်တွင် တင်ထားသော အဘွားချုံလက်များကို သူ့နဖူးနှင့် ထိတွေ့ကာပြောရင်း ခုတင်ဘေးတွင် ဒူးထောက်ထိုင်ချ၏။ ပြီးတော့ သူကန်တော့၏။

“အဘွားချုံ တမလွန်က ခွင့်လွှတ်ပေမဲ့ မိသားစုတစ်စုလုံး စိတ်မချမ်းမြေ့အောင် လုပ်ခဲ့တဲ့အပြစ်က ဇေယျာကို အပြစ်ပေးနေပါပြီ။ ခွင့်မလွှတ်တော့ပါဘူး။ ဇေယျာကို ဝိုင်းပယ်ကြပါပြီ” သူသည် လှိုက်လှဲစွာ တတွတ်တွတ် ပြောနေ၏။

“ကဲ... ဘရဏီ၊ မောင်စောဦးတို့၊ ပါပါကို ပြန်ပို့ကြတော့၊ ကြာကြာ မနေပါရစေနဲ့၊ ဆွေစုမျိုးစု ပရိသတ်မစုံခင် ပါပါ ပြန်ပါရစေတော့”

မျက်ရည်ဝိုင်းနေသော မျက်လုံးအစုံဖြင့် သမက်ကိုကြည့်ရင်း ဦးဇေယျာက ပြောလိုက်၏။ သူ ထိုင်ရာမှထကာ...

mgyoe.com

mgyoe.com


"ရော့... ဘရဏီ။ ကိုကိုကြီးကို မေမေပေးခဲ့တဲ့ လက်စွပ်၊ မေမေက မွေးခဲ့ပေမဲ့ အဘွားချုံက ကျွေးမွေးစောင့်ရှောက်တဲ့ မိခင်တစ်ယောက်ဖြစ်တယ်၊ သူ့ရဲ့ရှာပနမှာ ကောင်းမှုပြုသမျှကို ကိုကိုကြီးရဲ့ ဒီလက်စွပ်ကို ရောင်းချပြီး အလှူထည့်လိုက်ပါ"

ဦးဇေယျာသည် လေးထောင့်မြသားကို စိန်များဝိုင်းရံထားသော သူ့လက်စွပ်ကို ချွတ်လိုက်၍ ဘရဏီကို လှမ်းပေးလိုက်၏။

"နိဗ္ဗာန်ရောက်ကြောင်းတရားကို ရှာဖွေမတွေ့ခင် ခုဘဝလို တဏှာကျွန်၊ ထဘီကွန်ရက်နဲ့ အဖမ်းခံရသော အဖြစ်မျိုး မဖြစ်ပါစေနဲ့ ဘုရား"

ဦးဇေယျာ၏ ရေရွတ်ဆုတောင်းသံကို ဘယ်သူမှ မကြားရပေ။ အဘယ်ကြောင့်ဆိုသော သူ့လေသံမှာ တုန်ယင်၍ အင်မတန် အားနည်းနေသောကြောင့်တည်း။ သူသည် ဖြည်းညင်းစွာ အဘွားချုံ ခုတင်အပါးမှ ခွာလာခဲ့၏။ အပြန်တွင်လည်း ကိုစောဦးသည် ကိုယ်တိုင်ကားနှင့် ပြန်ပို့၏။ ဘရဏီရော ဒေါက်တာစံဖိုးပါမကျန် အားလုံးလိုလို ဆင်ဝင်အောက်ကိုဆင်းလာ၍ ခြံပြင်သို့မောင်းထွက်သွားသော ဦးဇေယျာ ကားကို ငေးမျှော်ကြည့်နေကြ၏။

အားလုံး အိမ်ထဲပြန်ဝင်သွားသော်လည်း ကျောက်ရုပ်လို လှေကားထိပ်တွင် ဘရဏီသည် မတ်တတ်ရပ်နေမိ၏။

"ဘရဏီ အိမ်ထဲဝင်လေ"

ဒေါက်တာစံဖိုးသည် တီးတိုးပြောကာ သတိပေးလိုက်၏။

"ဒေါက်တာ၊ တကယ့်တကယ်ဆိုတော့ ကိုကိုကြီး ခံရတဲ့အပြစ်ဟာ သူကျူးလွန်တဲ့အမှုထက် ကြီးမနေဘူးလားဟင်"

"ဘရဏီ၊ ဒါ မင်းလုပ်တာ မဟုတ်ဘူးလေကွယ်" ဒေါက်တာစံဖိုးက အဓိပ္ပာယ်ကြွယ်ဝစွာ ပြောလိုက်၏။

mgyoe.com

mgyoe.com


"ဟုတ်ပါရဲ့ ဟုတ်ပါရဲ့ ကိုကိုကြီးရယ်၊ ဒီမိသားစု ဆွေမျိုးစု အရေးအခင်းမှာ ဘရဏီ ကန့်လန့်ကာကြားက နေရတဲ့သူပါနော်၊ ဘရဏီ ကိုကိုကြီးကိုမြင်ရတာ စိတ်မချမ်းသာလိုက်တာနော်၊ ဘရဏီကို အထင်မလွဲပါနဲ့ ကိုကိုကြီးရယ်"

သူသည် တစ်ယောက်တည်း စကားပြောကာ အိမ်ထဲဧည့်ခန်းသို့ ဖြည်းညင်းစွာ လှည့်ဝင်လာ၏။ မကြာခင် အတောအတွင်း မိတ်ဆွေ ဆွေစုမျိုးစု ရောက်လာကြကာ အဘွားချုံအား နောက်ဆုံး ဂါရဝလာပြုကြသောအသံတို့ဖြင့် အိမ်ကြီးသည် အသက်ဝင်လှုပ်ရှားလာတော့၏။

◆

mgyoe.com

mgyoe.com

# အခန်း (၂)

ဘရဏီသည် အိမ်ရှေ့မြက်ခင်းပြင်ထောင့်တွင်ရှိသော ခုံတန်းလျား ပေါ်တွင် စိတ်လွတ်လက်လွတ် ထိုင်နေ၏။ အားလုံး အလုပ်များမှ အနားရနေသူလို သူသည် စိတ်ရောကိုယ်ရော အပန်းဖြေလျက်ရှိသည်။

အဘွားချုံ ကွယ်လွန်ပြီးမှ အဘွားချုံနေရာကို သူယူခဲ့သည်ဆို သော်လည်း မီးဖိုတာဝန်ကို သူ မယူရ၊ အဘွားချုံ ရှာပနရက်များအတွင်း အိပ်ရာပေါ်လဲသွားရာမှ ယခု ပြန်လည်နာလန်ထူလာသော ပုလဲသည် မီးဖိုချောင်တာဝန်ကို လုံးဝယူ၏။ စိတ်ကို အလုပ်ပေးရာရောက်၍ အိမ်သားများက ပုလဲကို ကျေနပ်စွာ လုပ်ခွင့်ပြုထားကြသည်။

"အန်တီငယ် အားနေသလား"

ကိုစောဦးသည် သူ့အပါး လာရပ်ရင်း ခုံစွန်းတွင် ဝင်ထိုင်လိုက်ကာ မေးလိုက်၏။

"အားနေတယ် ဆိုပါတော့" တကယ်တော့ ဘရဏီသည် မြေးငယ် ဒါရှကို မျှော်နေသည်။ ဒါရှသည် နေ့တိုင်းလို တစ်ချိန်ချိန်တွင် ကိုသော် က ကိစ္စရှိ၍ အပြင်ထွက်သောအခါ နာနီနှင့်အတူ ဦးဇေယျာရှိရာသို့ လိုက်ပါသွားတတ်သည်။

mgyoe.com

mgyoe.com


"ကိုစောဦးလည်း သိသားပဲ။ ကိုသော်ကကို ခိုင်းရင်းနဲ့ ဒါရှကို ထည့်လိုက်ရတာ၊ ကိုကိုကြီးဟာ သူ့မြေးလေးကို တစ်နေ့တစ်ခါ မှန်မှန်တွေ့ချင်တယ်လေ၊ ဒါကြောင့် ဘရဏီက ကားအဆင်ပြေရင် ပြေသလို ကိုသော်ကကို ခိုင်းလိုက်သလိုနဲ့ ဒါရှကို ထည့်လိုက်ရတာ၊ နာနီကိုရော ကိုသော်ကကိုရော ဒါရှနဲ့ ကိုကိုကြီး တွေ့ကြတဲ့အကြောင်း ပုလဲကို မပြောပါနဲ့လို့ ပြောထားရတယ်။ ဘရဏီတော့ ထင်တယ်လေ၊ သားအဖ အခိုက်အတန့် ဘယ်လိုဖြစ်နေနေ ကိုကိုကြီးဟာ သူ့မြေးလေးကို တွေ့ချင်ရှာမှာပေါ့။ တို့မျှားဟာကွယ် ဒီအခွင့်အရေးလောက်ကိုတော့ ကိုကိုကြီးကို ပေးသင့်ပါတယ်နော်"

ဘရဏီသည် ကိုစောဦးကို တိုင်ပင်သလိုနှင့် သူလုပ်ကိုင်နေပုံ မှန်ကန်သည့်ဟု ထောက်ခံပါရန် မသိမသာ စည်းရုံးရင်း ပြောပြလိုက်၏။

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်ဖြင့်လေ အဘွားချုံဆုံးသွားတာကို ဝမ်းနည်းတာလည်း ဝမ်းနည်းတာပဲ၊ ဆုံးတဲ့နေ့က ပါပါ လာရပုံ၊ သူ လှုပ်ရှားပုံ၊ စိတ်ထိခိုက်ပုံကို မြင်ရတော့ ကျွန်တော်လေ မငိုမိအောင် စိတ်ချုပ်တည်းထားရတယ်"

"ဟုတ်တယ်၊ ဘရဏီလည်း ကိုကိုကြီးအတွက် ခုထိ စိတ်မကောင်းနိုင်ဘူး၊ တူမဖြစ်တဲ့ ပုလဲကို တရားချမလား အောက်မေ့တယ်၊ အန်ကယ်မန်းကြီးက ပိုဆိုးနေတယ်၊ ကိုစောဦးကရော ကိုကိုကြီးအပေါ်မှာ ခွင့်လွှတ်ဖို့ ပုလဲကို တရားဟောလို့ မရသေးဘူးလားကွယ်"

ကိုစောဦးသည် သက်ပြင်းချလိုက်၏။

"အဖြစ်က ဒီလိုအန်တီငယ်၊ ကျွန်တော့်အတွက်လည်း ခက်နေပါတယ်" ကိုစောဦးသည် ပြောရမှာ မောနေသလို ရပ်နားနေ၏။

"ဒီလိုလေ အန်တီငယ်လည်း အချိန်ယူ နားထောင်ပြီး စဉ်းစားပေး

mgyoe.com

mgyoe.com


ပါ။ တစ်အိမ်တည်း အတူနေကြတယ်ဆိုပေမဲ့ ကျွန်တော်ကလည်း ပန်းချီခန်းက မထွက်၊ အန်တီငယ်က အိမ်ဝေယျာဝစ္စနဲ့ မအားတော့ ဆွေးဆွေးနွေးနွေး မပြောသာဘူး"

"ပြောပါလေ၊ နှစ်ယောက်ခေါင်းနဲ့ စဉ်းစားရတာပေါ့"

ဘရဏီက ဖြည်းလေးစွာ ပြောလိုက်၏။ ကိုစောဦးသည် သူ၏ အခက်အခဲကို တင်ပြတော့လည်း ဟုတ်ပေသား။

"ပါပါယူတဲ့ မိန်းမဟာ အိုးတိုက်ဖွဲ့ပြာသည်မပဲ ဖြစ်ဖြစ်၊ လမ်းဆားပလက်ဖောင်းပေါ်က မိန်းမပဲဖြစ်ဖြစ် အဲဒီလိုဖြစ်နေရင်တော်သေးတယ်၊ ပြဿနာဟာ ဒီလောက်ထိ တက်မယ်မထင်ဘူး။ လောကလူ့ဘောင်နယ်သားအနေနဲ့ ဒီစိတ်ကိုမထိန်းလို့ လောကကို မစိမ်းနိုင်သေးလို့ ဖြစ်ရတယ်လို့ ကျွန်တော်က အကြောင်းပြနိုင်ပါတယ်၊ တရားပြနိုင်ပါတယ်။ သူသူငါငါ ကျွန်တော်ကိုယ်တိုင်တောင် ပုလဲကို ချစ်သူ၊ ပုလဲကို တရားဝင်မယားရှိပေမဲ့ အတွေ့နဲ့ကျရင် ရှာန်လျှော့ပြီး ဖောက်ပြန်မိမှာပဲလို့ ပြောပြပြီး တရားချနိုင်ပါတယ်။ ခုတော့ ပုလဲကလည်း ကျွန်တော့်အပေါ် သံသယဝင်နေပါတယ်"

"ဘယ်လို"

"ပါပါယူတဲ့ မိန်းမဟာ ကျွန်တော့်အမျိုး တစ်ဖက်စီတော်ကြတယ်ဆိုပေမဲ့ ဦးလေးလှသန်းမြင့် မိန်းမရဲ့ ညီမ အရင်းခေါက်ခေါက်မို့လား"

"အဲဒီတော့"

"အန်တီမြတ်လေးသွယ် လုပ်ပုံကလည်း မဟန်တော့ ဒီအိမ်ရဲ့စီးပွားရေးတစ်ခုလုံးကို ရအောင်ယူဖို့ အန်တီသွယ်ဟာ သူ့ပါပါကို အပိုင်စီးတယ်ပေါ့၊ ဒါကို ကျွန်တော်ကလည်း ကျွန်တော်တို့ အမျိုးတွေလက်ဝါးကြီးအုပ်နိုင်အောင် အလိုတူအလိုပါ ဖြစ်နေတယ်လို့ ပုလဲကထင်ရုံမကဘူး ပါးစပ်ကပါ ဖွင့်ပြောစွပ်စွဲနေတော့ ကျွန်တော့်မှာ ပါပါ

mgyoe.com

mgyoe.com



ဘက်က မကူသာဘူး။ အဲဒီအထဲ အန်ကယ်မန်းကြီးကလည်း ဒီလိုပဲ ယူဆတယ်၊ ဒါကြောင့်မို့လို့ပေါ့၊ အမိုးအောက်မှာ အတူခိုဝင်နေကြတဲ့ လူအချင်းချင်းဟာ တစ်အိမ်သားလုံးနဲ့ ပတ်သက်တဲ့ ပြဿနာဖြစ်ရင် လက်တွဲပြီး ကူညီဖြေရှင်းရမယ်ဆိုတာ ကျွန်တော်သဘောပေါက်ပါ တယ်။ ပြီးတော့ ကျွန်တော်လည်း သိပ်စိတ်မကောင်း ဖြစ်နေရပါတယ် အန်တီငယ်"

ကိုစောဦးသည် မြက်ခင်းပေါ်သို့ မျက်လုံးစိုက်ချရင်း ခေါင်းငုံ့၍ တစ်လုံးချင်း ဆက်ပြော၏။

"ပုလဲကို ကျွန်တော် ခိုးပြေးတုန်းက ချစ်တဲ့စိတ်နဲ့ ကျွန်တော်လုပ် တာတွေ မှန်တယ်လို့ ယူဆခဲ့တယ်။ ဒါပေမဲ့ အပြစ်က ကျွန်တော့် ကြောင့် အန်တီသရဖီ သေခဲ့ရတယ်။ အရေးအခင်းတွေဟာ နောက်ပိုင်း ပြေပြေလည်လည် ဖြစ်ခဲ့ပေမဲ့ ခု အန်တီသွယ် လုပ်ပုံကလည်း ပါပါကို ခိုးယူသလို ဖြစ်သွားတယ်လေ၊ ဒီစိတ်ကြောင့် အဘွားချုပ် ပိုစိတ်ထိခိုက်ပြီး အသေစောရတယ်ဆိုတာ မငြင်းသာပါဘူး။ ဒီတော့ မပြေးသော် ကန်ရာရှိ ဆိုသလိုပဲ ဒီအိမ်ကြီးမှာ ကျွန်တော့်ကြောင့်၊ ကျွန်တော့်အမျိုး ပယောဂ ကြောင့် ဒီအိမ်ကြီးရဲ့ချစ်သူ ဦးစီးခေါင်းဆောင် အရေးပါသူနှစ်ယောက် သေဆုံးရသလို ဖြစ်နေပါတယ်။ ဒါကြောင့် ကျွန်တော့်မှာလည်း ပုလဲရဲ့ သံသယဝင်နေမှု ပြေအောင်ဖြေဖို့ အခွင့်အခါကို စောင့်နေရပါတယ် အန်တီငယ်"

ကိုစောဦး ဒီလိုဖြေရှင်းပြတော့လည်း ဟုတ်ပေသား။

"အခု ကျွန်တော် သိချင်တာ တစ်ခုရှိလို့ အန်တီငယ်ကို လာမေး တာပါ"

"ဘာကိုလဲ"

"အဘွားချုပ်ဆုံးတဲ့နေ့က မဆုံးခင် ဧည့်ခန်းမှာ အန်တီငယ် ကျွန်တော့်

mgyoe.com

mgyoe.com



ကို ပြောတယ်လေ။ အထက်ဂိုဏ်း၊ အောက်ဂိုဏ်း ဘယ်ပယောဂ ဆရာကိုမှ ဒီအိမ်ပေါ်ကို ပင့်ခေါ်မလာဖို့ ပုလဲကို သတိပေးပါဆိုတာ၊ အဘွားချို မသေခင်ကတော့ ဟုတ်တာပေါ့၊ သေပြီးအချိန်ကို ဘာဖြစ်လို့ ရည်ညွှန်းပြောရတာလဲ၊ ဘယ်သူ့ကို ပုလဲက ကုဦးမလို့လဲ"

ဘရဏီသည် မောလျှစွာ သက်ပြင်းရှိုက်ရင်း "ဒီလိုဒီလို မောင်စောဦးရေ၊ ပုလဲ ဘာဖြစ်နေတယ်ဆိုတာ အကဲမခတ်မိဘူးလား"

သူသည် ဆက်လက်ရှင်းပြ၏။

"ပုလဲ စိတ်ထဲမှာ သူ့အဖေကို မမသွယ်ဟာ ဆေးခတ်ပြီးတော့ယူတယ်၊ ဒီဆေးပြယ်တဲ့တစ်နေ့ သူ့အဖေဟာ ပြန်လာမယ်ဆိုပြီး အဘွားချို မဆုံးခင်အထိ ကိုသော်ကနဲ့ ဂိုဏ်းဘုန်းကြီး၊ ဂိုဏ်းဆရာတွေနဲ့ ပယောဂဆရာတွေဆီ သွားနေတယ်ဆိုတာ အန်တီငယ် ကိုသော်ကဆီက သိရတယ်။ ဘရဏီ မသိအောင် ကြိတ်ပြီး အပြင်မှာ ဆေးဖယောင်းတိုင်ထွန်း၊ ပွဲတွေပြင်နဲ့ တော်ကြာ အဲဒီဂိုဏ်းဆရာတွေကို အိမ်ပေါ်တင်လာမှာစိုးလို့ ပုလဲကို သတိပေးစောင့်ကြည့်ပါလို့ ပြောရတာ။ မမကြီး (ဏ္ဍနွနီ) သူငယ်ချင်းတစ်ယောက်ဟာ သူ့ယောကျ်ား မယားငယ်ယူသွားတာ ပြန်လာအောင် လုပ်ရင်းက ဂိုဏ်းဆရာတစ်ယောက် အိမ်ပေါ်တင် ကိုးကွယ်တဲ့အဖြစ် ရောက်ရော၊ လင်က ပြန်မလာဘဲ သူ့မှာရှိတဲ့ပစ္စည်းတွေ အဲဒီဆရာက အပိုင်စီးပြီး လူပါ ပါသွားတယ်။ ပုလဲက အရွယ်ငယ်ငယ်ရှိသေး ကျန်းမာရေးမကောင်းတော့ စိတ်ဓာတ်ကလည်း ချောက်ချားလွယ်နေတုန်းမှာ အဲဒီဆရာတွေနောက် ပါသွားရင် ဒုက္ခ၊ ကိုစောဦးရေ ဒါကြောင့် အန်တီငယ် ပြောပြရတယ်။ ကြည့်လေ အဲဒီနေ့က ဒါရှုကို ပါပါဆီ မထည့်လိုက်နဲ့တဲ့၊ ဟိုမိန်းမက သမီးလေးကိုပါ ဆေးနဲ့တို့ထားဦးမယ်တဲ့ ပုလဲပြောတာ မကြားဘူးလား၊ မိန်းမချင်း ကိုယ်ချင်းမစာ မပြောချင်ဘူး။ ကိုကိုကြီးကို ဒေါ်မြတ်လေးသွယ်က

mgyoe.com

mgyoe.com


ဘယ်ဂိုဏ်းဆရာတွေဆေးနဲ့မှ စီရင်ပြီး တို့ယူတာ မဟုတ်ပါဘူး ကိုစောဦးရယ်၊ မိန်းမတို့ ကိုယ်ပိုင်ဆေးပါ” မပြောမဖြစ်ပြီ ဖြစ်သောကြောင့် ဘရဏီသည် ခပ်ရိုင်းရိုင်း ပြောချလိုက်ရတော့သည်။

“ဟုတ်ပါတယ် အန်တီငယ်၊ တစ်ခုကလည်း ကျွန်တော့်သဘော ပြောရရင် သမီးဒါရှ မွေးနေ့ အကြောင်းပြုပြီး ကျွန်တော့်အမျိုးအနေနဲ့ အန်တီသွယ် ဒီအိမ်မှာ ဝင်ထွက်နေခဲ့တယ်၊ လူငယ်တွေမှာသာ မျက်စိချင်းဆုံရာက အငွေ့သဘော၊ အတွေ့သဘောကို မဆင်ခြင်နိုင်တာ မဟုတ်ပါဘူး။ ၅၀ ကျော်တွေမှာလည်း ဒီချစ်ပြဿနာ ဖြစ်တတ်တာပဲ၊ ဖြစ်သင့်တာက အေးအေးချမ်းချမ်း တောင်းရမ်းယူရင် ဒီလိုအခြေ မဖြစ်ပါဘူး၊ ရတ်တရက်ကြီး ပုလဲတို့ အမျိုးဘက် ဆန္ဒမပါဘဲ လုပ်လိုက်တော့ အပိုင်စီးတဲ့သဘောကို အန်ကယ်မန်းကြီးရော ပုလဲရော ခွင့်မလွှတ်နိုင်ဘူး၊ အန်ကယ်မန်းကြီးကပြောတော့ အဲဟိုနေ့က အရက်မူးပြီး အိပ်ပျော် အမူးလွန်ရာက လက်မှတ်ထိုးကြရတဲ့အဖြစ် ရောက်ရော။ ခုလည်း ပါပါဟာ အရက်စွဲနေပြီဆိုပဲ”

“ဖြစ်နိုင်တယ်လေ၊ မမကြီးက ဘရဏီမမမို့လို့ အမွှန်းတင်ပြောတာမဟုတ်ဘူး၊ လင်ကို လိမ်လိမ်မာမာ ထိန်းသိမ်းတတ်တယ်၊ ကိုစောဦးကိုလည်း အားနာပါရဲ့၊ မမသွယ်ဟာ သောက်တတ်တယ်ဆို”

“ဟုတ်ပါတယ်၊ အရင်ကဆို သူက ဦးလေးလှသန်းမြင့်တို့ ဒေါ်လေးရွှေတို့ ပြောင်းရွှေ့ရတဲ့ တိုင်းပြည်ကိုလိုက် ရတနာဖောက်သည်တွေနဲ့ပေါင်းပြီး ကုန်သည်လုပ်နေတော့ သူက နိုင်ငံခြားသားတွေနဲ့ အမြဲဆက်ဆံနေရတာမို့လား။ အကရော အသောက်ရော အစုံတတ်တာပဲ။ မြန်မာအဆိုအကလည်း တတ်တယ်”

“ဘရဏီ သိပါတယ်၊ ရုပ်ကလည်း ဖြောင့်တယ်ဆိုတာ ထည့်ပြောပါဦး၊ ဒါရှ မွေးနေ့တုန်းက သူဝတ်စားလာတာ အားလုံးငေးယူရတာပဲ၊

mgyoe.com

mgyoe.com


အသံလည်း အတော်ကောင်းတဲ့ မိန်းမနော်၊ ကိုကိုကြီး မကျခံနိုင်ပါ့ မလား"

ဘရဏီသည် မျက်စိထဲတွင် ဒါရှမွေးနေ့ နံနက်ခင်းကို ပြန်လည် မြင်ယောင်ကာ ပြောပြလိုက်၏။

"ခုမှ ကျောက်မျက်ရတနာတွေ ရောင်းဝယ်မှုကို ပြည်သူပိုင်သိမ်း လိုက်တော့ နိုင်ငံခြားကိုတော့ ခြေမဆန့်သာဘူးပေါ့၊ ပြည်တွင်းမှာတော့ သူ သံရုံးတွေနဲ့ ဆက်သွယ်ပြီး အိမ်ပွဲစားလည်းလုပ်တယ်၊ အရာရှိကတော် တွေနဲ့ မှောင်ခိုသူဌေးတွေနဲ့ ဆက်သွယ်ပြီးတော့လည်း သူက စိန်ရွှေပွဲစား လုပ်သေးတယ်"

ကိုစောဦးသည် သူ့အဒေါ်မြတ်လေးသွယ်၏ လုပ်ငန်းများကို ပြော ပြ၏။

"အေးပေါ့လေ ယဉ်ကျေးမှု အရာရှိကြီး ဦးမန်းကြီးက သူ့မြေး ပုလဲဒါရှ မွေးနေ့မှာ မွန်မြတ်သောတွေ့ဆုံခြင်း ဖြစ်ကြပါစေဆိုတဲ့အတိုင်း ဒေါ်မြတ်လေးသွယ်နဲ့ ကိုကိုကြီးမှာတော့ မွန်မြတ်သော တွေ့ဆုံခြင်းပေါ့"

"အို... ပါပါအဖို့တော့ ဘဝဆုံးရတာပါလေ၊ ကျွန်တော်သွားမယ်"

ကိုစောဦးသည် ခပ်ညည်းညည်းပြောကာ အိမ်ကြီးထဲသို့ ဝင်သွား တော့၏။

ဆောင်း၏နံနက် ဟိုတစ်နေ့က ဆောင်းလေအေးကပင် ယဉ်ကျေး သိမ်မွေ့စွာ တိုက်ခတ်ခဲ့ပါ၏။ ပန်းများရနံ့ကို ဆောင်ယူ၍ ဤမြက်ခင်း ပေါ်တွင် ဖြန့်ဝေခဲ့ပါ၏။ သို့သော် လေအသွင်က မုတ်သုံသို့ ပြောင်းလာ သောအခါ ဤမြက်ခင်းကို ဖြတ်ကျော်၍ အိမ်ကြီးဆီသို့ ဦးတည် တိုက် ခတ်လိုက်သည်မှာ ချစ်ပန်းပွင့်ဖတ်များ အပြတ်အပြတ် ကြွေဖြတ်သွားကြ ပြီ၊ မြတ်လေးသွယ်၏ အချစ်လေဆင်နှာမောင်းသည် ဦးဇေယျာအား သယ်ယူပွေ့ဆောင်၍သွားခဲ့၏။ ဤနေရာတွင် ရေစောင်းထက် လေစောင်း

mgyoe.com

mgyoe.com


ထက်သည်ကို ပြလိုက်၏။ ဒဂုန်တာရာ၏ လေနုအေး မဟုတ်ပြီ၊ ဒေါ်မြတ်လေးသွယ်၏ လေဆင်နှာမောင်း။

ဘရဏီသည် ထိုနေ့က သူတီးခဲ့သော စန္ဒရားသံကို ပြန်လည်ကြားယောင်မိ၏။ မမသွယ်၏ သီချင်းသံသည် ပြန်လည်ဝေ့မြူးလာသည်။ ဩော်... သူသင်ခဲ့သော သီချင်းစာသား စကားလုံးများသည် (အတိဝုတ္တ) ဒေါသသင့်ခဲ့ပြီ၊ ကာယကံရှင် အဖွဲ့ခံရသူ၊ ဂုဏ်ပြုခံရသူ ဒါရှူအား ဒေါသမသင့်ဘဲ ဘိုးအေဖြစ်သူ ဦးဖေယျာအား ဒေါသသင့်သွားပြီ ထင်ပါရဲ့။

"ဘွားဘွားငယ်"

ကားဆီမှ ပြေးလာသော ဒါရှူ၏ အသံကြောင့် ဘရဏီအတွေးသည် ပြတ်သွား၏။ ကားကို နောက်ဘက်ကားဂိုဒေါင်ဆီသို့ ကိုသော်က သည် မောင်းသွား၏။ နာနီသည် မြက်ခင်းစပ်တွင် မတ်တတ်ရပ်၍ နေရစ်၏။

"သမီးလေး ပြန်လာပြီလားဟင်"

ဘရဏီသည် ဒါရှူကို ဆီးကြိုပွေ့ကာ မေးလိုက်၏။

"ပြန်လာပြီ ဘွားဘွား၊ ဘဘလေ နေမကောင်းဘူး၊ ဘဘက သမီး ဒီစာကို ယူသွားတဲ့၊ ဘွားဘွားငယ်ကို ပေးလိုက်တဲ့"

ဒါရှူသည် စာတစ်အိတ်ကို ပေးလိုက်၏။ ဘရဏီသည် စာအိတ်ကို ယူလိုက်ကာ ခပ်ဝေးဝေး မြက်ခင်းစပ်တွင် ရပ်နေသော နာနီကို လှမ်းခေါ်လိုက်သည်။

"နာနီ၊ ဒါရှူကိုခေါ်သွားပြီး ရေချိုးပေးလိုက်တော့၊ မင်းအိမ်နောက် သွားပြီး ကိုသော်ကကို ဘရဏီဆီ လွှတ်လိုက်စမ်း"

နာနီသည် ဒါရှူကို လက်ဆွဲကာ အိမ်ထဲသို့ ဝင်သွားတော့သည်။

ဦးဖေယျာ၏စာကို ဘရဏီသည် ဖွင့်၍ဖတ်လိုက်၏။ စာမှာ တစ်

mgyoe.com

mgyoe.com


ကြောင်းတည်း ဖြစ်၏။

*ဘရဏီ*

*ကိုကိုကြီးကို နက်ဖြန် ထမင်းစားပြီးချိန် လာတွေ့ပါ။*

*ဇေယျာ*

ဘာကိစ္စများ အကြောင်းထူးပါလိမ့်။ သူ စာအိတ်ကိုင်၍ စဉ်းစားနေစဉ် ကိုသော်က အနားကိုရောက်လာ၏။

"ကိုသော်ကရေ၊ ကိုကိုကြီးကို တွေ့ခဲ့လား၊ နေကောင်းရဲ့လား၊ ဒါရှက ပြောတော့ သူ့ဘဘ နေမကောင်းဘူးဆို"

"ဟုတ်တယ်ထင်တယ် ဘရဏီ၊ ဒီတစ်ခါ သူ့မြေးကို ဆင်ဝင်အောက်အထိ လိုက်မပို့ဘူး"

"မမသွယ်ကော ရှိနေလား"

"နောက်ဖေး ထမင်းချက်ကပြောတော့ မနက်ကတည်းက ကားနဲ့ထွက်သွားတယ်တဲ့"

"ဒါပါပဲ၊ ညနေစောင်းရင်သာ ကားအဆင်သင့်လုပ်ထား၊ ပုလဲတို့ကော သွားစရာရှိလားလို့မေး၊ ရှိရင်လည်း သွားပေစေ၊ ဘရဏီ သူတို့နဲ့အတူတူလိုက်မယ်၊ ပြီးတော့ ဘရဏီကို အန်ကယ်ဦးမန်းကြီးအိမ်မှာ ချထားခဲ့ပေါ့"

"ဟုတ်ကဲ့"

ကိုသော်က ထွက်သွားတော့မှ သူသည် အိမ်ထဲသို့ ဝင်လာခဲ့သည်။ ဦးမန်းကြီးထံ သူညနေလာမည့်အကြောင်း တယ်လီဖုန်းလှမ်း၍ဆက်ထားလိုက်သည်။

ညနေ ဦးမန်းကြီး ရုံးဆင်းချိန်ဖြစ်၍ အဆင်သင့် တွေ့ရသည်။ ဘရဏီက ကြိုတင်ချိန်းထားခြင်းမှာ သူတို့အနားတွင် ဒေါ်ခင်မြတ်စံရှိနေစေချင်ပေသည်။

mgyoe.com

mgyoe.com


ခက်ပေသား။ သူတို့ယောက်ျားဆိုသည်က ဒေါ်သထွက်နေချိန် အထိန်းအအုပ်အနေဖြင့် အနားတွင် ချစ်ဇနီးရှိနေမှ၊ အဘွားချုံ ဆုံးသည့် နေ့ကပင် ဦးဇေယျာကို အကြောင်းကြားသင့် မကြားသင့် ဆွေးနွေးနေချိန်တွင် ဒေါ်ခင်မြတ်စံ ရှိနေ၍ အဆင်ပြေပေသည်။ ဦးမန်းကြီးဒေါ်သကြီးပုံနှင့် ဦးဇေယျာကို လာရောက်ခွင့်မပေးပါလျှင် ဘယ်လောက်များ ဦးဇေယျာအဖို့ ဆွေးစရာ ဖြစ်ရှာမည်လဲ။

ဒါက ဘရဏီ အတွေးဖြစ်သည်။

ဩော်... မိန်းမတစ်ယောက် အယူမှားလိုက်သောကြောင့် ဦးဇေယျာ သိက္ခာကျရလေခြင်း၊ ယခုလည်း ကိစ္စကတော့ သူတို့ဆွေမျိုးစု ပြဿနာကိုပင် ဦးဇေယျာသည် သူ့အား ပြောကြားတိုင်ပင်လိုခြင်း ဖြစ်ပေလိမ့်မည်။ ဘာပဲဖြစ်ဖြစ် သူသွားမည့်အကြောင်းတွေကို ဦးဇေယျာ တစ်ဦးသော အစ်ကိုအရင်းကို ဘရဏီ အသိပေးသွားချင်သည်။

ဘရဏီသည် ဧည့်ခန်းတွင် အဆင်သင့် စောင့်နေသော ဦးမန်းကြီးတို့ လင်မယားရှေ့တွင် ထိုင်လိုက်၏။ သူ့အိတ်ထဲမှ စာကိုယူကာ ဒေါ်ခင်မြတ်စံလက်ထဲသို့ ထည့်လိုက်သည်။

"အန်တီခင်မြတ် ဖတ်ကြည့်ပြီးရင် အန်ကယ့်ကို ပေးလိုက်ပါ"

စာကို ဒေါ်ခင်မြတ်စံသည် ဖတ်ပြီး ဦးမန်းကြီးလက်ထဲသို့ ထည့်ပေးလိုက်၏။

"ဘာများ ပြဿနာဖြစ်နေလို့ပါလိမ့်"

ဦးမန်းကြီးသည် ခပ်တိုးတိုးညည်းရင်း စာကို ဘရဏီလက်ထဲ ပြန်ထည့်လိုက်သည်။

"သူလည်း နေမကောင်းဘူးတဲ့။ ဒါရှုက ပြောတယ်၊ ကိုသော်က မေးကြည့်တော့လည်း ဒီတစ်ခါ သူ့မြေးကို ဆင်ဝင်အောက်အထိ လိုက်မပို့ဘူးတဲ့"

mgyoe.com

mgyoe.com


"ဒီစာ ဘရဏီဆီရေးတာကို ဟိုမိန်းမကို အသိပေးရဲ့လား မသိ၊ ပုလဲရော ဒီစာ ဘရဏီရတယ်လို့ သိလား" ဦးမန်းကြီးက မေးလိုက်၏။

"ခုချိန်ထိ ဒါရှု သူ့ဘဘဆီသွားတာရော ဘရဏီနဲ့ ကိုကိုကြီး အဆက်အသွယ်လုပ်တာရော ပုလဲကို မသိစေဘူး၊ မနက်ကပဲ အိမ်မှာ ဖြစ်ပျက်နေတဲ့ အကြောင်းမျိုးစုံကို ဖွင့်ပြောပြီး ကိုစောဦးကို တိုင်ပင်တယ် လေ၊ သူကလည်း သူ့အခက်အခဲတွေကို ဘရဏီကို ပြောပြပါတယ်"

ဘရဏီသည် ကိုစောဦးပြောသမျှ ဦးမန်းကြီးကို ပြန်လည်ပြောပြ၏။

"လောကကြီးများနော်၊ အလှည့်ဆိုတာ ရှိကြစမြဲပဲ။ ပုလဲကို မောင်စောဦး ခိုးသွားတုန်းက တို့များပြန်လက်ခံတော့ လူကြီးစုံရာရှေ့မှာ ပြောပြခဲ့တယ်၊ တို့ဟာ လင်သားယူတာကို အပြစ်ဆိုလိုခြင်း မဟုတ်၊ ယူပုံယူနည်း မောင်စောဦးလုပ်ပုံ မဟုတ်ဘူးလို့ ပြောခဲ့တယ်။ ခုတော့ မောင်စောဦး ခံရပြီ၊ သူ့အဒေါ်ပဲ ဆိုပါစို့လေ၊ ဖေယျာကို အပိုင်စီး ခိုးပြေး တော့မှ တို့များခံစားရတဲ့ ဝေဒနာကို မောင်စောဦး နားလည်ပြီ"

"ဟုတ်ပါတယ်၊ ဘရဏီက ကြားလူပါ အန်ကယ်ရယ်၊ တကယ် ဆိုတော့ ကိုကိုကြီးဟာ အန်ကယ်ရဲ့ညီ အရင်းခေါက်ခေါက်၊ ပုလဲရဲ့ အဖေအရင်းပါ၊ ဘရဏီအနေနဲ့ မမကြီးနဲ့စပ်ပါမှ ခဲအိုပါ။ ဒါပေမဲ့ သူ့ လက်ပေါ် ကြီးပြင်းလာရတော့ အဖေလိုလည်း ရှိသေပါတယ်။ မမကြီး မရှိတဲ့နောက် ဘရဏီတို့ညီအစ်မ ကျန်ရစ်တဲ့စီးပွားကို မပျက်စီးအောင် ရယ်၊ တိုးပွားအောင်ရယ် သူပဲ ဆောင်ရွက်ထိန်းသိမ်းခဲ့တာ အန်ကယ် အသိပါ။ ခုအချိန်မှာ သူလုပ်တာတွေ မှားနေတယ်ပဲဆိုဆို နေလို့က လည်း မကောင်း၊ အသက်ကလည်း ကြီးလာတော့ သူ စိတ်ဓာတ်များ ကျနေမလား၊ သားအဖ ဆက်ဆံရေးလည်း ပိုမိုပြေပြစ်သွားစေချင်တဲ့ စေတနာကြောင့် ဒီအိမ်ကြီးပေါ်မှာ ဘရဏီ ဆက်နေရတာ၊ ဘရဏီရဲ့

mgyoe.com

mgyoe.com


အစီအစဉ်ဖြစ်တဲ့ ဦးဆောက်ပန်းကျောင်း ဖြစ်မြောက်ရေးကိုတောင် ပုဂံမှာ တိုးလိုးတန်းလန်း ထားခဲ့ရတာပါ"

"အေး... သူ့ ပါပါအပေါ်မှာ ပုလဲထားရှိတဲ့ စိတ်ပျော့ပျောင်းသွားတယ်ဆိုတောင် မြတ်လေးသွယ်ကို သူ့အိမ်ပေါ်တက်ခွင့် ပုလဲကပေးမှာမဟုတ်ဘူး။ အခုဇေယျာအဖြစ် ငါယူကျုံးမရဘူးလို့ တဖျစ်တောက်တောက် ပြောနေရတာက တခြားမဟုတ်ဘူး၊ ဝတ်လုံစံဖေကြီးက ဒီမြတ်လေးသွယ်နဲ့ ဝိုင်းထိုင်ဖက်တွေ။ သူကပြောတယ်၊ အရင်က ဇေယျာဟာ သောက်လည်းမသောက်တတ်၊ ဖဲလည်း မချတတ်ဘူးမို့လား၊ အခုမြတ်လေးသွယ်က သူ့စိန်ပွဲစား အလုပ်နားချိန်မှာ ကြိတ်ဝိုင်းက စံဖေကြီးတို့နဲ့ အမြဲလိုလိုရှိတယ်။ စံဖေကြီးက မြတ်လေးသွယ် အစ်ကိုဝမ်းကွဲအကြံပေး၊ အခါပေးကြီးပေါ့။ ဒါပေမဲ့ ငါ့ကိုတော့ သူငယ်ချင်းအနေနဲ့ သူချစ်တယ်၊ မြတ်လေးသွယ် ဝိုင်းလိုက်နေတဲ့အချိန်မှာ အမြည်းကောင်းကောင်းနဲ့ ဇေယျာကို ပုလင်းထောင်ပေးထားလိုက်ရော၊ အောက်မှာ သူထင်တာလုပ်လည်း ဇေယျာက ဘာမှမပြော၊ အပေါ်ထပ် အိပ်ခန်းမှာ သူ အေးအေးပဲ သောက်နေရောတဲ့။ ဒါကြောင့် အဘွားချုံကိစ္စ သူလာတော့ သူဟာ ဒီအိမ်ကြီးပေါ်တက်ဖို့ ကျက်သရေတောင် မရှိတော့ဘူးလို့ အန်ကယ်ပြောတာပါ ဘရဏီရယ်၊ ပြေးကြည့်မှ ဒီညီအစ်ကိုလေးနှစ်ယောက် ရှိပါတယ်၊ ငါ့ညီအတွက် ငါဘယ်လောက် စိတ်ထိခိုက်နေတယ်ဆိုတာ မင်းတို့ မသိပါဘူးကွယ်"

အဘိုးကြီးသည် တုန်တုန်ယင်ယင်နှင့် သူ့စကားကို လက်စသတ်၏ ။

"ဘရဏီ နက်ဖြန် ကိုကိုကြီးနဲ့ ပြန်လာတော့ အကျိုးအကြောင်းကို အန်ကယ့်ကို ဝင်ပြောမယ်လေ။ ပြီးတော့မှ ပုလဲကို သိခွင့်ပေးသင့် မပေးသင့် အန်ကယ်တို့ပဲ ဝိုင်းစဉ်းစားပေးပေါ့။ ကဲ... ဘရဏီလည်း ပြန်မယ်"

mgyoe.com

mgyoe.com


ဘရဏီ ပြန်သွားချိန်တွင် ဦးမန်းကြီးသည် တောက်တခေါက်ခေါက် ဖြစ်နေ၏။

"ဓမ္မတာကို ယူကျုံးမရဖြစ်မနေပါနဲ့တော့" ဟူသော စကားလုံးနှင့် ဒေါ်ခင်မြတ်စံသည် သူ့ခင်ပွန်းကို သူတရားချ၏။

"အေး... ဓမ္မတာဆိုတဲ့သဘောကို ငါသိပါတယ်လေ။ ဒါကြောင့် အတွေ့နဲ့ကျတော့ မရှောင်နိုင်၊ မတိမ်းနိုင်ဖြစ်ကြပေမဲ့ ဒီအရေးတွေ ငါကြိုမြင်လို့ အရင်က အဘွားချုံနဲ့လည်း ဖွင့်ပြောတိုင်ပင်တယ်၊ သူ့ကိုလည်း ညီအစ်ကိုချင်းကျိတ်ပြီး နားချတယ်၊ ဘရဏီကို လက်ထပ်ဖို့ ကာယကံရှင် ကောင်မလေးကိုတောင် အသိမပေးဘူး၊ ညီမလေးလိုပဲ ချစ်တယ်၊ သမီးလေးလိုပဲ စောင့်ရှောက်ပါရစေနဲ့။ ဘရဏီသာဆိုရင် ပဋိပက္ခတွေ အားလုံးပြေငြိမ်းမယ်၊ စီးပွားရေးပြဿနာလည်း မပေါ်တော့ဘူးမို့လား။ ခုတော့ကွာ တော်တော်ကို လုပ်ပုံကိုင်ပုံ ပိုင်ပါတယ်လေ။ ပြီးတာတွေ ပြီးပါပြီလေလို့ ငါစိတ်ဖြေပေမဲ့ နောက်ပိုင်း သူ ပုလင်းထောင်နေတဲ့အဖြစ် ရောက်နေတယ်လို့ စံဖေကြီးတို့ဆီက သတင်းရတော့ ငါတစ်နေ့မှ စိတ်မချမ်းသာဘူး ခင်မြတ်"

ပါးစပ်က စကားလုံးများကို တတွတ်တွတ် ရေရွတ်ရင်း ဦးမန်းကြီးသည် ဧည့်ခန်းတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။

အဖြစ်ကလည်း ဦးဇေယျာသည် အဘွားချုံဗျာပနလာစဉ်က ရေရွတ်ဆုတောင်းသလိုပင် ထဘီကွန်ရက်ဖြင့် ဖြန့်ချိဖမ်းယူခြင်းအဖြစ်။

"မွန်မြတ်သော တွေ့ဆုံခြင်း ဖြစ်ကြပါစေ"

ဆုတောင်းစာလွှာ မြက်ခင်းများပေါ်တွင် ချိတ်ဆွဲထားသောနေ့ မတိုင်ခင်ကတည်းက မြတ်လေးသွယ်သည် ပုလဲတို့အိမ်ထဲ ဝင်ထွက်သွားလာခဲ့သည်။ ဒါရှုမွေးနေ့ သီချင်းတိုက်ရုံကိစ္စတင် မဟုတ်၊ အချိန်ပိုများ၌ သူသည် သစ္စာတိုင် ပတ်ပျိုးများ၊ တူပြိုင်ဂုလိုဏ်ခေတ်ဟောင်း သီချင်းများ

mgyoe.com

mgyoe.com



ကို သူကိုယ်တိုင်တီး၍ သီဆိုခဲ့သည်။

"ဒါရှုက အိမ်လိုက်ချင်တယ်တဲ့၊ အန်တီသွယ် ခေါ်သွားဦးမယ်"

မြတ်လေးသွယ်သည် သူ၏ အချစ်သေနင်္ဂဗျူဟာ နည်းသစ်ကို ဤလိုနှင့် စခဲ့၏။ ဒေါ်မြတ်လေးသွယ်၏ ချစ်ဗျူဟာ နည်းပရိယာယ်ကို နားမလည်ရှာသော ပုလဲက သမီးဒါရှုကို ထည့်ရုံတင်မဟုတ်၊ ဦးဇေယျာ အပြင်ထွက်ချိန်ကြုံလျှင်...

"ပါပါ၊ ဒါရှုကို အန်တီသွယ်တို့ အိမ်မှာ ဝင်ကြိုပါနော်"ဟုပင် လမ်းဖွင့်ပေးလိုက်သေး၏။

မြတ်လေးသွယ်သည် လျင်လှ၏။ သူသည် သောနုတ္တိုရ်ဆန်သည် ဆိုရမည်လော၊ ဒသဂီရိဆန်သည်ဟု ဆိုရမည်လော။

ရန်သူအရှာမှားသော မဟာသုဘဒ္ဒါနှင့် မိုးပျံဆင်အပေါင်းတို့ ဟိမဝန္တာတောပေါ် ပျံတက်၍ နယ်စပ်တွင် ဆဒ္ဒန်ဆင်မင်းကို လေးနှင့်ခွင်းသူကို ရှာဖွေကြစဉ် တကယ်လေးနှင့်ခွင်းသူ သောနုတ္တိုရ်က ဆင်မင်း၏ ဝမ်းဗိုက်အောက် လိုဏ်ဂူထဲတွင်ရှိသည်။ ဆင်မင်းသည် သိ၏။ ခွာနှင့်ရုပ်၍ သောနုတ္တိုရ်မုဆိုးအား နှာမောင်းဖြင့် ဆွဲယူကာ မြေပေါ်တွင် ပေါက်၍ သတ်မည်အကြံဖြင့် လိုဏ်ဂူကြမ်းပြင်ကိုချိုး၍ နှာမောင်းကို သောနုတ္တိုရ်ရှိရာသို့ အသွင်းလိုက် မုဆိုးလူရိုင်းကြီးသည် ပရိယာယ်ကြွယ်လှသည်။ သူသည် သူ့ကိုယ်ပေါ်ရုံထားသော သင်္ကန်းရောင်ဝတ်ရုံကို နှာမောင်းပေါ်တင်လိုက်သည်။

သင်္ကန်းကိုမြင်သည်နှင့် တစ်ပြိုင်နက် ဘုရားလောင်းဆင်မင်းသည် သူရည်ရွယ်သော ဗုဒ္ဓဆုကို သတိရကာ ရန်သူကို ခွင့်လွှတ်ရှာသည်။

သူ့ကိုယ်ကျိုးအတွက် ဤနေရာ၌ သောနုတ္တိုရ်သည် လိမ္မာပါးနပ်စွာ ဘုရားသားတော်များ အရေတော်သင်္ကန်းကို အသုံးပြုလိုက်သည်။

mgyoe.com

mgyoe.com



ခေတ်စကားအရ သင်္ကန်း၊ သို့မဟုတ် ဘာသာရေးကို ရှေ့တန်းတင်၍ သူ့အသက်ကို ကာကွယ်လိုက်သည်။

သောနုတ္တိုရ် လိမ္မာစွတကား။

ဒသဂီရိ–

ဘီလူးမင်းဖြစ်ပေမဲ့ လိမ္မာပိရိလှ၏။ သစ္စာရှင် မယ်သီတာ၊ လင့်စကားကို အစဉ်ရိုသေ လိုက်နာသော မယ်သီတာ။

စည်းသုံးတန်တား၍ အပြင်မထွက်ရန် ကြင်ရာတော် မင်းသားက တားမြစ်ခဲ့သည်။

မယ်သီတာလို သစ္စာရှင်ကို သင်္ကန်းအရေဝတ်ရုံ၍ စည်းသုံးတန် အပြင်ထွက်လာအောင် ကြိုးပမ်းနိုင်ခဲ့ပါသော ဒသဂီရိ။

ဩော်... ဤထိုနည်းပရိယာယ်များသည် ယခုတိုင် ခေတ်စားနေသေးသည်။

အထူးသဖြင့် ရန်ကုန်၏ အထက်လွှာပတ်ဝန်းကျင်...

အလွန်ပင် ရိုသေဟန်နှင့် ရှေ့ဘက်ပိုင်း လူမြင်ကွင်းတွင် ဘုရားကိုးဆူပူဇော်၍ ညဥ့်နက်၍ ညေ့ပရိသတ်စဲလျှင် နောက်ပိုင်းတွင် ကျိတ်ဝိုင်း၊ ရိုးရိုးဝိုင်းတင်မက အနီထောင်မာကျောက်ကြေးကြီးများကို လုံခြုံစွာ အိမ်ရှင်နှင့်မျက်နှာကြီး မျက်နှာငယ် ပရိသတ်များ ကျင်းပကြပေသည်။

ဦးဇေယျာသည် ပါတော်မူသောနေ့က ဒေါ်မြတ်လေးသွယ်၏ မွေးနေ့၊ ညပိုင်း ဘုရားကိုးဆူကပ်၍ နံနက်တွင် ဘုန်းကြီးများကို အရဏ်ဆွမ်းကပ်မည် အစီအစဉ်နှင့် ဖိတ်ကြားထားသည်။

ကောင်းမွန်သည့် အစီအစဉ်ပါတည်း။ လူမှုရေးအပြန်အလှန် သဘောတရားအရ ဦးဇေယျာ အမှူးရှိသော အိမ်သားများသာမက ဦးမန်းကြီးတို့ပင် သွားရောက်ကြ၏။

သွားရပေမည်။ ဒါရှု၏ မွေးနေ့ပွဲကျင်းပစဉ်က ဒေါ်မြတ်လေး

mgyoe.com

mgyoe.com



သွယ်ကိုယ်တိုင် ဧချင်းကျူးရင့် ချီးမြှင့်ခဲ့သည်ဆိုတော့ သွားကြရပေမည်။ ကိုယ်ဖိရင်ဖိ ဆောင်ရွက်ပေးရပေမည်။

ထိုညပြန်ချိန်တွင်သာ ပုလဲတို့ မိသားစုနှင့် ဦးမန်းကြီးတို့ ညဦးတွင် ပြန်လာကြသည်။ စာပေအကြောင်း ဆွေးနွေးကျန်ရစ်သော ဦးဇေယျာကို စကားလက်စသတ်မှပင် မြတ်လေးသွယ်က သူ့အိမ်ကကားနှင့် လိုက်ပို့မည်ဆိုသည်။ သို့သော် ထိုညက ပါမောက္ခကြီး အိမ်ပြန်မရောက်၊ နောက်နေ့ အရုဏ်ဦးလည်း ဆရာတော်များကို ဆွမ်းကပ်မည်။

ထိုတစ်ညလုံး ဘယ်ဇာတ်ထုပ်ကို ခင်းမိသည်မသိ၊ ပါမောက္ခကြီး သတိရ၍ ကြည့်သောအခါ သူသည် မြတ်လေးသွယ် အိပ်ခန်းခုတင်ပေါ်တွင် ရောက်နေတော့သည်။

အောက်ဧည့်ခန်းတွင် ညဥ့်ကပိုင်းတွင်ပါသော ဝတ်လုံဦးစံဖေနှင့် သက်ဆိုင်ရာတရားသူကြီးများက စောင့်လင့်နေ၏။

ကဲ... ဦးဇေယျာ ဘာများတတ်နိုင်ပါမည်နည်း။ မြတ်လေးသွယ်၏ အိပ်ခန်းမှ အောက်ထပ်သို့ ဆင်းကာ တရားသူကြီးနှင့် လူကြီးစုံရာရှေ့တွင် သူသည် မြတ်လေးသွယ်၏ တရားဝင်လင်အဖြစ် လက်မှတ်ရေးထိုးလိုက်ရသည်။

မနေ့ကကျင်းပသော မြတ်လေးသွယ်မွေးနေ့၊ ဘုရားကိုးဆူပူဇော်ပွဲသည် ယနေ့နံနက် မြတ်လေးသွယ်၏ လက်ထပ်ပွဲအထိမ်းအမှတ်ဖြစ်ရုံမက အရုဏ်ဆွမ်းက လက်ထပ်ဆွမ်း ဖြစ်သွားပေပြီ။

တော်ပေစွ၊ ပိရိပေစွ။ သာသနာရေးကို ရှေ့တန်းတင်၍ သူ၏သေနင်္ဗျူဟာကို အနိုင်ရအောင် အပိုင်စီးသောနေ့တွင် မြတ်လေးသွယ်သည် သောနုတ္တိုရ်၊ ဒသဂီရိတို့ထက် သွက်လက်ပိရိ လျင်မြန်လှချေ၏တကား။

mgyoe.com

mgyoe.com



ရင်ဘတ်စည်တီး၍ ထိုပွဲအတွက် ကောင်းချီးမပေးနိုင်သူမှာက တော့ ပုလဲနှင့် ဦးမန်းကြီးတို့ မိသားစု။

ထိုနေ့ည ထဘီကွန်ရက်ဖြန့်ပွဲကို သတိရတိုင်း တုန်လှုပ်ချောက်ချားလွန်း၍ အရက်နှင့် မေ့ကွက်ရှာသူကတော့ ပါမောက္ခ ဦးဇေယျာ။ ယခုတော့ သူသည် ယောကျ်ားတိုင်းလိုလို ပျော့ကွက်ဖြစ်သော အသည်းနှလုံးကို အရက်နှင့်ရော၍ ရေခဲစိမ်ခဲ့ပေပြီ။

ညီတော်မောင်ဘဝကို တွေးမိတိုင်း ဦးမန်းကြီး ယူကျုံးမရသလို…

"မေမေရှိတုန်းက အရက်နံ့တောင် မခံခဲ့တဲ့ ပါပါ၊ ခုတော့ မေမေ မြင်စမ်းစေချင်တယ်၊ အရက်အိုး ခေါင်းစိုက်နေတဲ့ ပါမောက္ခကြီး ဦးဇေယျာအဖြစ်တွေကို။ လူဖြစ်ရှုံးပြီ ပါပါရေ"

တစ်ခါတစ်ရံ ပုလဲသည် ဘရဏီကိုရော ကိုစောဦးကိုပါ ဖက်ကာ သံကုန်ဟစ်၍ပင် ငိုမိသည်။ ဒသဂီရိဇာတ်ထုပ်ပင် ကက၊ ဆဒ္ဒန်ဆင်မင်းဇာတ်ထုပ်ပင် ခင်းခင်း၊ ကန့်လန့်ကာကြားမှ အချောင်မောရသူမှာ ဘရဏီ။ ယခုလည်း ဦးဇေယျာစာအရ သူသည် ဦးဇေယျာကို သွားရောက်တွေ့ဆုံခဲ့၏။

ဧည့်ခန်းတွင် ဦးဇေယျာသည် အဆင်သင့် သူ့ကိုစောင့်နေပေသည်။ ဒါရှ မနေ့က ပြောသလိုပင် ဦးဇေယျာသည် အိပ်ရာပေါ် လဲမနေသော်လည်း ကောင်းစွာနေကောင်းပုံ မပေါ်ပေ။

"ဘရဏီ ဒီမှာထိုင်လေ"

ဦးဇေယျာညွှန်ပြသော ကုလားထိုင်တွင် ဘရဏီက ထိုင်လိုက်၏။

"ဒါရှကပြောတော့ ကိုကိုကြီး နေမကောင်းဘူးဆို၊ အစားအသောက် ကော ကောင်းရဲ့လား"

ဦးဇေယျာသည် ခပ်ယဲ့ယဲ့လေး ပြုံးလိုက်၏။

"အသောက်က သိပ်ကောင်းတော့ အစားလျှော့ပြီး အားနည်းလာ

mgyoe.com

mgyoe.com


တာပေါ့"

ဘရဏီက ဤဖြေပုံကို မကြိုက်၊ သို့သော် သူ့ဘာမှ ရှေ့ဆက် မပြောတတ်။ သက်ပြင်းချ၍သာ ဆံပင်ဖြူများ ဖုံးအုပ်စပြုလာသော နားသယ်ကျကျ ပါးရိုးချောင်ချောင်နှင့် ဦးဖေယျာမျက်နှာကိုသာ ငေးနေမိသည်။

"လျှို့ဝှက်စရာတော့ မဟုတ်ဘူး။ ဒါပေမဲ့ စိတ်အေးလက်အေး ဆွေးနွေးချင်လို့ မြတ်လေးသွယ် မရှိတဲ့အချိန် ဘရဏီကို ချိန်းလိုက်တာ၊ သူက သူ့အရောင်းအဝယ်နဲ့ ထမင်းစားပြီးဆို အပြင်ထွက်ရော"

"ဘရဏီရေ တစ်နေ့မဟုတ် တစ်နေ့ကတော့ ဒီပြဿနာက တွေ့ ရမှာပဲ၊ ဒီဇာတ်ထုပ်က မိုးစင်စင်လင်းခါနီးလေ မပြေလည်တဲ့အပြင် ကိုကိုကြီးအဖို့ ဇာတ်သိမ်းခန်းက မျှော်လင့်ချက်မရှိတော့ဘူး"

"ဘာတွေပြောနေတာလဲ ကိုကိုကြီးရယ်၊ ဘရဏီ နားမလည်ပါဘူး။ ပြီးတော့ စိတ်ဓာတ်ကျစရာစကားတွေ သိပ်မပြောပါနဲ့။ အချိန်တွေ အများကြီးရှိသေးတယ်၊ ဘရဏီ ကူပါ့မယ်"

"ကိုယ့်အကြောင်းကိုယ် နားလည်တာပေါ့ ဘရဏီ၊ ဣန္ဒနီ ယောကျ်ား ပါမောက္ခမုဆိုးဖိုကြီးအနေနဲ့ ဇာတ်သိမ်းလိုက်ရရင် အလွမ်း မင်းသားကြီးအဖြစ် ပရိသတ်က စုတ်တသပ်သပ်ဖြစ် ကျန်ရစ်ဦးမယ်၊ ခုတော့ ယစ်ထုပ်ကြီးတစ်ယောက်အတွက် ဇာတ်သိမ်းခန်းကို ဘယ်သူက တသကျန်ရစ်မှာလဲ။ အသေနောက်ကျတယ်တောင် ထင်ဦးမယ်"

"အို... ဒီလိုမဖြစ်စေရပါဘူး"

"ဟင်... မင်းနားမလည်ပါဘူး။ သေတာရဲ့ နောက်ပိုင်းဆိုပေမဲ့ အပြစ်ကင်းသောသေခြင်း ဖြစ်စေချင်သေးတာပေါ့။ ကိုယ့်ဟာကိုယ် သေ ကြတယ်ဆိုပေမယ့် ဇနက္ကမင်းသား ပြောသလိုပဲ ငါ့ခွဲမရှိ၊ လက်လျှော့ လိုက်ရင် တခြားသဘော်သား ငါးရာနဲ့အတူ ရေနစ်သေပြီး ငါးလိပ်

mgyoe.com

mgyoe.com


မကန်းတွေအစာ ငါဖြစ်နေပြီတဲ့၊ သတင်းစကားကြားတဲ့ မင်းချင်းတွေက လည်း ဒီမင်းသား ပင်လယ်ပြင်မှာ ဆက်ကူးရင် အသက်ရှင်ချင် ရှင်ပေ ဦးမယ်၊ ခုတော့ စိတ်လျှော့လွယ်လို့ သေရတယ်လို့ အတင်းပြောကြမယ့် ဒဏ်ကို ငါမခံနိုင်ဘူး၊ သေခြင်း၏ နောက်ပိုင်းမှာလည်း အပြစ်ကင်းသော သေခြင်းပဲ ဖြစ်ချင်တယ်တဲ့။ ဇနက္ကမင်းသားက မဏိမေခလာကို ပြောခဲ့ တယ်။ ကိုကိုကြီးလည်း အပြစ်ကင်းသော သေခြင်းပဲ ဖြစ်ချင်တယ်။ ဒါပေမဲ့ ဖြစ်ချင်တာဖြစ်ဖို့ ကိုယ့်ကိုယ်ကိုယ် ဦးတည်လို့ မရတော့ဘူး”

ဘရဏီသည် ဤနေရာ၌ လွတ်ခနဲပြောမည်လုပ်ပြီးမှ သူ့စိတ်ကို ထိန်းချုပ်၍ ပါးစပ်ကို စေ့စေ့ပိတ်ထားမိသည်။ ဖြစ်များဖြစ်နိုင်ရင် အရက်ပင်လယ် သမုဒ္ဒရာကြောတွင် မျောပါနေသော ဦးဇေယျာအား ကယ်တင်သူ ကယ်တင်ရှင် မဏိမေခလာအဖြစ် သူ ဖြစ်လိုပါ၏။ သို့သော် ပတ်ဝန်းကျင်က သူ့ကို သမုဒ္ဒရာတွင် ဒုက္ခရောက်သူ၊ သူတော် ကောင်းတို့အား ကယ်တင်စောင့်ရှောက်ပါသော မိခင်မေတ္တာရှင် နတ် သမီးဟုထင်ပါက တော်ပေသေး၏။ ရင်ငွေ့၏အတွေ့ဖြင့် အိပ်မွေ့ချကာ အချစ်ပင်လယ်ကြောတွင် မျောသူအား ကယ်တင်သော အချစ်နတ်သမီး ဟု အထင်မှားခြင်းကိုတော့ သူ မခံနိုင်ပါပေ။

ဦးဇေယျာသည် သူ့စကားကို သူဆက်၏။

“ကိုယ့်အဖြစ်နဲ့ကိုယ် ခံနိုင်သရွေ့တော့ မိုးလင်းအောင်ဓာတ်ထုပ် ကတော့ ကရတော့မယ်။ တတ်နိုင်သရွေ့ ဓာတ်လမ်းမရှုပ်အောင် ကိုကို ကြီး ရှင်းခဲ့ချင်တယ်”

“ဟုတ်ကဲ့”

“မင်းရဲ့မမကြီး ဣန္ဒနီ လက်ဝတ်လက်စားတွေဟာ မင်းတို့ ဘိုးဘွားပိုင် ရှေးရတနာတွေ၊ အဖိုးတန် အမျိုးကောင်းတွေမို့ ပုလဲဟာ သိပ်မြတ်နိုးပြီး လေးစားခဲ့တယ်။ ဒါကြောင့် ကိုကိုကြီးလည်း ပုလဲ

mgyoe.com

mgyoe.com


အိမ်ပေါ် ပြန်ရောက်လာပြီးကတည်းက သူ့ကို အပိုင်ပေးပြီးပြီ၊ လက်ရှိ အခု ပုလဲနေတဲ့အိမ်က ဋ္ဌန္ဒနီနဲ့ ကိုကိုကြီးအပိုင် ဖြစ်တယ်။ ကိုကိုကြီး မတော်တဆသေသွားရင် တရားဝင် ဇနီးတစ်ယောက်အနေနဲ့ မြတ်လေးသွယ် ပိုင်ဆိုင်ခွင့် အရေးဆိုခွင့်ရှိတယ်။ ပုလဲကလည်း သူ့အမေအိမ်ကို လက်ဖျားနဲ့ မြတ်လေးသွယ် တို့ဖို့နေနေသာသာ အိမ်ရိပ်တောင် နင်းခွင့် မပေးလိုဘူး"

ဦးဇေယျာသည် သူ့သမီးသဘောကို သိပေသား။

"ဒီတော့ ကိုကိုကြီးဆိုလိုတာက ဒီအိမ်ကို ပုလဲက ငွေအမ်းယူတဲ့ သဘောယူလိုက်ပါ။ ပုလဲပေးတဲ့ငွေနဲ့ ကိုကိုကြီး ငွေဖြည့်ပြီး မြတ်လေးသွယ်ကို သီးသန့်အိမ်တစ်လုံး ဝယ်ပေးမယ်။ နောက်ရေး စိတ်အေးရအောင်လို့ စီစဉ်တာ၊ သမီးလေးဆီက ငွေလိုချင်လွန်းလို့ဆိုတဲ့သဘော ကိုကိုကြီးမှာ မရှိဘူးဆိုတာတော့ ပုလဲသဘောပေါက်အောင် ဘရဏီက ရှင်းပြနော်"

"ဟုတ်ကဲ့"

"ကိုကိုကြီးဟာ မြတ်လေးသွယ်ကို ကိုကိုကြီးကို ယူတဲ့နေရာမှာ တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ ထောင်ချောက်ထောင်ဖမ်းသည်ပဲဖြစ်ဖြစ် သူတစ်ပါးသားသမီးကို လက်ထိလက်ရောက် ကျူးလွန်မိခြင်းအတွက် လျော်ကြေးပေးဖို့ ကိုကိုကြီးမှာ တာဝန်ရှိတယ်။ ယောကျ်ားကောင်းတစ်ယောက် လုပ်သင့်လုပ်ထိုက်တဲ့အလုပ်"

"ဟုတ်ကဲ့ ဘရဏီ နားလည်ပါတယ်"

"ခုလည်း ကိုကိုကြီး မြတ်လေးသွယ်ကို လျော်ကြေးပေးခြင်းပဲ။ ကိုကိုကြီး ခုချိန်မှာ သူ့ရှာကျွေးတာကို ထိုင်စားနေတာ မဟုတ်ဘူး။ မိန်းမထဘီနားလည်း ခိုမစားလိုဘူး။ ကိုကိုကြီး ပင်စင်လစာလည်း သူ့လက်ထဲအပ်တယ်။ ပြီးတော့ တပည့်တစ်ယောက်အကူအညီနဲ့ ကိုကိုကြီး

mgyoe.com

mgyoe.com


စီးပွားရေးအဖြစ် အင်္ဂလိပ်စာ သင်ခန်းစာတွေကို ထုတ်တယ်။ ကလောင်အမည်နဲ့ထုတ်တော့ ဘယ်သူမှမသိဘူး။ ဒီလုပ်ငန်းက အင်္ဂလိပ်စာတိုးတက်မှုကို သိပ်လိုချင်တဲ့ အခုအချိန်မှာ ကိုကိုကြီးစာအုပ်တွေဟာ စွံတယ် ဘရဏီ။ ဒါကြောင့် ကိုကိုကြီးဟာ မြတ်လေးသွယ်အပေါ် မျက်နှာအောက်ကျစရာ မရှိခဲ့ဘူး"

အိမ်မှာနေတုန်းက ဘာမှစီးပွားရေးလုပ်စရာမလို၊ ယခု သူ့ပညာကို စီးပွားရေးဆန်ဆန် အသုံးချ၍ ကိုကိုကြီးသည် ငွေရှာနေရပေပြီ။

"ကိုကိုကြီးဟာ ကျန်းမာရေး တစ်စတစ်စ ချွတ်ယွင်းပြီး သေသွားတောင် သေပြီးတဲ့နောက်ပိုင်း ပုလဲနဲ့မြတ်လေးသွယ် ဗယားရှုပ်စရာမရှိအောင် ကိုကိုကြီး ဥပဒေနဲ့ ပြီးပြီးပြတ်ပြတ် စီစဉ်ခဲ့တာ၊ ထပ်တလဲလဲပြောနေတာက ပုလဲ သဘောပေါက်စေချင်လို့၊ သမီးလေးရဲ့ ရင်ထဲမှာ သူက အဖေဦးဇေယျာဟာ နောက်မိန်းမကို ချစ်လွန်းလို့ဆိုတဲ့ အယူအဆမရှိစေချင်ဘူး။ ဒါတော့ ကိုကိုကြီး ပြောရဲတယ်"

"သမီးလေးကို သေခါနီးလေး ထပ်ကာထပ်ကာ တတွတ်တွတ်ပြောချင်တယ်။ ပါပါမှာ ဣန္ဒနီသေသွားပြီးတဲ့နောက် တစ်ဦးတည်းသောချစ်သူဟာ သမီးလေးပဲဆိုတာကို ကာယကံမြောက်လည်း ပြချင်တယ်၊ ဝစီကံမြောက်လည်း ပြောချင်တယ်၊ မနောကံမြောက်လည်း စီစဉ်ခဲ့တယ်၊ မေတ္တာပို့ခဲ့တယ်၊ ဆုတောင်းခဲ့တယ်"

"ငယ်ငယ်အသိဆုံးပါ ကိုကိုကြီးရယ်၊ ထပ်ကာထပ်ကာ ကိုကိုကြီးပါးစပ်က သေခါနီးရင် သေခါနီးရင်ဆိုတဲ့ စကားမဆုံးပါနဲ့။ ဘရဏီမကြားရက်ဘူး ကိုကိုကြီး"

ဘရဏီသည် ဝေ့လာသော မျက်ရည်များကို လက်ကိုင်ပဝါနှင့်တို့ရင်း ပြောလိုက်၏။

"ဖြစ်များဖြစ်နိုင်ရင်တော့ အခြေအနေကပေးရင် သမီးလေး ပုလဲရဲ့

mgyoe.com

mgyoe.com



ရင်ခွင်မှာ ကိုကိုကြီးခေါင်းမှီပြီး သေရပါစေဆိုတာ အမြဲဆုတောင်းမိတယ်။ ခုထိတော့ သမီးလေးနဲ့ ပြန်တွေ့ဖို့ဆိုတာ ရွှေပြည်တော် မျှော်တိုင်းဝေးပါတယ် ငယ်ငယ်"

"အို... ကိုကိုကြီး ဘယ့်နှယ့်ပြောနိုင်မှာလဲ၊ မမြင်ရတဲ့ ကံတရားတွေကို ဘယ်သူမှ ကြိုတင်မပြောနိုင်ပါဘူး။ ငယ်ငယ်အစွမ်းရှိသမျှ ကိုကိုကြီးတို့မိသားစု အေးအေးချမ်းချမ်း ပြန်လည်ဆုံစည်းမိဖို့ကို တရားဥပဒေဘောင်အတွင်းက ပြေပြေလည်လည် ဆောင်ရွက်ပေးမယ်ဆိုတာကို ယုံပါ"

"ယုံပါတယ် ငယ်ငယ်၊ ကိုကိုကြီးအနေနဲ့ ပုလဲပြီးရင် ငယ်ငယ်ဟာ ကိုကိုကြီးရဲ့သမီးပဲ၊ ဒီစေတနာနဲ့ပဲ မင်းကို ပြုစုစောင့်ရှောက်ခဲ့တာ အရွယ်ရောက်တဲ့အထိပဲ"

"ငယ်ငယ် နားလည်ပါတယ်"

"မင်းရဲ့ အစ်မကြီးတွေ သေဆုံးခဲ့ပြီးတဲ့နောက် ပုလဲလည်း သူ့ချစ်သူနောက် လိုက်သွားချိန် အင်မတန်အထီးကျန်ပြီး ခြောက်သွေ့အေးစက်နေတဲ့အချိန်မှာ ကိုကိုကြီးအပါးမှာ လိုလေသေးမရှိ မင်းပြုစုခဲ့တဲ့ ကျေးဇူးကို ကိုကိုကြီး ဘယ်တော့မှမမေ့ခဲ့ဘူး။ လောကကြီးမှာ အပြန်အလှန်ကျေးဇူးပြုတဲ့ သဘောတွေရှိတယ်။ ဒါကြောင့်လည်း တို့မျာ ဘုရားက "သူတစ်ထူး ပြုဖူးသော ကျေးဇူးရှိသည်၏အဖြစ်ကို သိခြင်းသည်လည်း မင်္ဂလာတစ်ပါးပါပဲ"လို့ ဟောခဲ့တာပဲ။ ဒါကြောင့်လည်း ငယ်ငယ့်အပေါ်မှာ သမီးလေးပုလဲနဲ့ ထပ်တူထပ်မျှ စီးပွားရေးမှာ မနစ်နာအောင် ကိုကိုကြီး ဆောင်ရွက်ကူညီခဲ့တယ်။ ခုတော့ဖြင့် ဆဒ္ဒန်ဆင်မင်း ပြောတဲ့စကားနဲ့ ပြောင်းပြန်စကားလုံးကို ငယ်ငယ်ရဲ့ ကိုကိုကြီး ရွတ်နေရပြီ သိရဲ့လား ငယ်ငယ်၊ အင်မတန် စာနာတတ်ပါသော ပါမောက္ခကြီး ငဇေယျာသည် နောက်မယားလက်ချက်နဲ့ အရက်ပင်လယ်မှာ နစ်ကာ

mgyoe.com

mgyoe.com



သေရပါတော့မယ်လို့ ပုလဲလို ဖြူစင်အေးချမ်းပါသော စိတ်ရင်းရှိတဲ့ တစ်ဦးတည်းသမီး မပုလဲဇေယျာကို ပြောလိုက်ပါတော့၊ ပြောလိုက်ပါတော့"

ဦးဇေယျာအသံ တုန်တုန်ယင်ယင်နှင့် ရပ်နားသွားချိန်တွင် ဘရဏီသည် မော့၍မရ၊ မျက်နှာကို ပဝါဖြူအုပ်ကာ ရှိုက်၍ငိုမိသည်။

"ပုလဲ ကျေနပ်တယ်ဆိုရင် ငယ်ငယ်ပဲ အကြောင်းပြန်လာပြောပါ။ ကိုကိုကြီး ဝတ်လုံခေါ်ပြီး တရားဝင်စာချုပ်စာတမ်း စီစဉ်ခဲ့မယ်။ ကဲ... ပြန်တော့ ငယ်ငယ်"

"ဟုတ်ကဲ့"

ဦးဇေယျာ စီစဉ်ပေးသောကားနှင့် ပြန်သာလာခဲ့ရသည် ဘရဏီသည် ဦးဇေယျာ ပြောလိုက်သော စကားလုံးများကို တစ်လမ်းလုံးကြား နေမိသည်။ "နောက်မယားလက်ချက်နဲ့ အရက်ပင်လယ်မှာ နစ်ပြီး အလွန်စာတတ်ပါသော ပါမောက္ခကြီးငဇေယျာ သေရပါတော့မယ်"တဲ့ မသေရဘူး၊ မသေရဘူး၊ ကိုကိုကြီး မသေရဘူး။ ကိုကိုကြီးရဲ့ နောက်ဆုံး ရက်တွေဟာ အေးမြရမယ်၊ ငြိမ်းချမ်းရမယ်။ ဘရဏီသည် စိတ်ထဲမှ ရွတ်ဆိုမိ၏။

"မမ... ဘယ်ကိုမောင်းရမှာလဲ"

ဟူသော ဒရိုင်ဘာစကားသံကြားမှ သူ့အတွေးရပ်ကာ ဦးမန်းကြီး တို့အိမ်ကို မောင်းရန် ပြောလိုက်ရသည်။ ဦးမန်းကြီးအိမ်ကို ရောက် ရောက်ချင်း သူ ဖြည်းဖြည်းမှ ပြန်လာမည်။ ဦးမန်းကြီး အိမ်တွင်ရှိနေ ကြောင်း အိမ်ကို တယ်လီဖုန်းဆက်ထားလိုက်၏။

◆

mgyoe.com

mgyoe.com

# အခန်း (၃)

ဘရဏီသည် သူသယ်လာမည့် သတင်းစကားများကို မျှော်လင့်စောင့်စားနေသော ဦးမန်းကြီးတို့ ဇနီးမောင်နှံအား ဦးဇေယျာပြောသမျှ အားလုံးကို ပြောပြလိုက်၏။

"ဇေယျာက သူ့ကျန်းမာရေး သိပ်ဆိုးနေသလား" အရေးကျတော့လည်း ညီချစ်တစ်ယောက်ပင် ရှိလေတော့ အသက်အန္တရာယ်ကိုသာ ဦးမန်းကြီးသည် စိုးရိမ်နေမိသည်။ ပုလဲတို့သားအဖ စီးပွားရေး ပြဿနာကို သူ သိပ်စိတ်မဝင်စားပေ။

"သိပ်တော့ မဆိုးပါဘူး၊ ဒါပေမဲ့ ကောင်းသလားဆိုတော့လည်း မကောင်းဘူး"

ဘရဏီက ဖြေလိုက်၏။

"အေး.....သူစိစဉ်တာတွေ ကောင်းပါတယ်လေ၊ ပုလဲကို ဘရဏီ ရှင်းပြပေါ့"

"ဟုတ်ကဲ့၊ ဘရဏီ ပုလဲကို ပြောပြနေချိန်မှာ အန်ကယ်တို့လည်း ရှိနေဦးမှာပေါ့"

ဘရဏီက အကူအညီတောင်းလိုက်၏။

mgyoe.com

mgyoe.com



"ဟုတ်တာပေါ့ ကိုကိုရဲ့၊ တော်ရုံတန်ရုံ ပုလဲစိတ်ထဲမှာ အကျိတ်အခဲဖြစ်နေတောင် ကိုမန်းလို သူ့ဆွေမျိုးထဲက လူကြီးတစ်ယောက်ရှိနေတယ်ဆိုရင် ပြောရဆိုရ ကောင်းတာပေါ့၊ ဘရဏီကို ပုလဲက ညီအစ်မလောက် သဘောထားတာ၊ ပြီးတော့လည်း သူတို့အိမ်ကြီးမှာ အဘွားချုံမရှိတော့ဘူးလေ"

ခင်မြတ်စံက ဝင်၍ပြောလိုက်သည်။

"အေး... ဟုတ်ပါရဲ့၊ ထမင်းစားပြီး ညဦးပိုင်း အန်ကယ်တို့နှစ်ယောက် လာမယ်လို့ ပုလဲကို ကြိုပြောထားပေါ့။ အန်ကယ်တို့ ရောက်တော့မှ ပုလဲတို့ စကားစပြီး ဖေယျာစီစဉ်သမျှ ပြောပြတာ ကောင်းပါတယ်။ သူ့အစီအစဉ် ကောင်းပါတယ်"

"ပုလဲကို စကားပြောချိန် ကိုကို့စိတ်ကိုလည်း ထိန်းပါ ကိုမန်းရယ်၊ ငြိမ်းချမ်းရေးတရားဟောတဲ့ လူက ဒေါကြီးပဲ ထထနေတော့ ခင်မြတ်သိပ်စိတ်ညစ်တာပဲ"

ဒေါ်ခင်မြတ်စံသည် ညည်းတွား၍ ပြောလိုက်သည်။

"ခင်ရေ ဒေါ်ခင်မြတ်စံကြီးရဲ့၊ ငမန်းကြီးရဲ့ ရင်ထဲမှာလေ အသည်းတွေ နှလုံးတွေ ရှိနေသေးတယ်ဆိုတာ နားလည်ထားစမ်းပါ။ ညီအရင်းခေါက်ခေါက် ရေတိမ်နစ်ရတဲ့အဖြစ်ကို ခုထိ ယူကျုံးမရဘူး၊ ဖြေလို့မပြေဘူး၊ ဖြစ်ပြီးစရက်တွေကများ ငါလေ ငါငါ၊ အဲဒီ မြတ်လေးသွယ်ဆိုတဲ့ မိန်းမကို ဓားနဲ့တောင် နုပ်နုပ်စဉ်းချင်တယ်။ ဒါလောက်ပါပဲ"

"ကဲ... ပြောရင်းတောင် ဒေါသဝင်လာပြီ"

"အဖြစ်ပြောပြရတာပါ။ နာမည်ကတော့ ချစ်စရာ မြတ်လေးသွယ်တဲ့၊ မြတ်လေးပန်းတွေကို သွယ်ကုံးထားသလို ချစ်စရာကောင်းတဲ့ မိန်းမပေါ့။ စိတ်ရင်းနှင့် လုပ်ပုံ၊ အကျင့်က မြွေဆိုးလို မြွေဟောက်လို သွယ်သွယ်ပျော့ပျော့ ရစ်ပတ်ပြီး လူကိုပေါက်သတ်တဲ့မိန်းမ၊ ငါ့ညီတော့ အဆိပ်

mgyoe.com

mgyoe.com



သင့်ပြီ”

“ကဲ... ဘရဏီ ပြန်တော့မယ်၊ ကားစီစဉ်ပေးပါ”

ဘရဏီသည် ဒုတိယဇာတ်ဆောင်မင်းသားကြီး၏ ဆက်လက်ရွတ်ဆိုမည့် စကားလုံး၊ စကားသံများကို ထပ်မံမကြားနိုင်တော့ပြီဖြစ်၍ စကားစဖြတ်ကာ မြန်မြန်ပြန်ဖို့ စီစဉ်လိုက်တော့သည်။

ထိုနေ့ညနေ ညစာစားပြီးချိန်၊ ပုလဲအိပ်ခန်းထဲတွင် မိသားစုဆုံမိကြသည်။ ဦးမန်းကြီးတို့ ဇနီးမောင်နှံပါ ရောက်လာကြ၏။

ဘရဏီသည် ဦးဇေယျာ၏ စာရေးအခေါ်လွှတ်၍ သွားရောက်တွေ့ဆုံရပုံ၊ ဦးဇေယျာက သူသေခဲ့သော် နောက်ပိုင်း အရှုပ်အရှင်းမရှိအောင် တရားဥပဒေအရ စီစဉ်ခဲ့ချင်သော အကြောင်းများကို ရှင်းလင်းပြောပြ၏။

ပုလဲသည် ငြိမ်ငြိမ်သက်သက် နားထောင်နေ၏။ ပြီးတော့ အေးဆေးစွာပင် စကားစပြော၏။

“ပုလဲ စိတ်ရင်းအပေါ်မှာ အန်ကယ်ဦးမန်းကြီးတို့ရော၊ အန်တီငယ်ရော နားလည်စေချင်တယ်၊ ပုလဲ ယူကျုံးမရ ဖြစ်ရတဲ့အထဲမှာ စီးပွားရေး မပါဘူးဆိုတာ ယုံပါ၊ ဥစ္စာပစ္စည်းဆိုတာ ကံရှိမှရတာ၊ စံထိုက်မှ စံရတာပါ။ ဒါပေမဲ့ ဒီအိမ်ကြီးကတော့ မေမေအိမ်၊ မေမေ့အိမ်ကိုတော့ ဒီမိန်းမလက်ဖျားနဲ့တို့တာ။ ဒီအိမ်ကြီးပေါ်မှာ ပါပါနဲ့ နှစ်ယောက်သားနေမှာကိုတော့ ပုလဲ မကြည့်နိုင်ရိုးအမှန်၊ စီးပွားရေးကြောင့် မဟုတ်ဘူး။ ရင်ထဲမှာ မသက်မသာဖြစ်နေရတာက ရေစုန်မျောသွားတဲ့ ပါပါရဲ့ အကျင့်သိက္ခာပဲ။ သေတဲ့အထိ ပြန်အဖတ်ဆယ်လို့ ရပါတော့မလား၊ ဒီအဖြစ်ရောက်အောင်၊ အကျင့်စာရိတ္တ ပျက်ပြားသွားအောင်လုပ်တာ ဒီမိန်းမတရားခံပဲ။ ဒီစာရိတ္တကို ပြန်လည်ထူထောင်ဖို့က ငွေရှာရသလို မလွယ်ပါဘူး။ ဒါကြောင့် ပုလဲ တွေးမိတိုင်း ရင်နာမိတာ”

mgyoe.com

mgyoe.com


လူကြီးလေးသဖွယ် တည်တည်ငြိမ်ငြိမ် သူ့စိတ်ရင်းကို ပြောပြတော့လည်း ပုလဲ၏ ခံစားရသောဝေဒနာကို အားလုံးမျှတ ခံယူမိကြ၏။

"ပုလဲလေ ပါပါ အကျင့်ပြန်ကောင်းလာဖို့ကိုပဲ မျှော်လင့်တယ်။ တခြားဘာမှ ပါပါဆီက ရရန်နိုးနိုး မမျှော်လင့်ဘူး။ ဥပဒေအရ တစ်ဝက်တွေ၊ ပုလဲက ငွေပြန်အမ်းယူပါဆိုတာတွေ၊ ဘာတွေ ဘာမှ ပုလဲမလုပ်လိုဘူး။ မလိုချင်ဘူး။ တစ်ဝက်ငွေလည်း မအမ်းယူပါဘူး။ ကြိုက်တဲ့အိမ် ဘယ်အိမ်ဖြစ်ဖြစ် ပါပါ ဒီမိန်းမကို ဝယ်ပေးပါစေ။ ပုလဲ ငွေအပြည့်ပေးမယ်။ ကိုင်း... ကျေနပ်ကြပါပြီလား။ ပါပါ ရုတ်တရက် သေသွားသော် မေမေရဲ့ဒီအိမ်ကို ပါပါ့ကိုယ်စား သူ ပိုင်ဆိုင်ခွင့်ရှိသေးတယ်ဆိုတာကိုသာ ဒီမိန်းမ စကားပြောမှာစိုးလို့ ပါပါက အပြီးသတ် စာချုပ်စာတမ်းရေးပြီး ပုလဲတစ်ဦးတည်းပိုင် လွှဲမယ်ဆိုတာကို သဘောတူရတာ။ ပုလဲအနေနဲ့ စီးပွားရေးသဘောမပါဘူး။ ကုတ်ကတ်ပြီးတော့လည်း တခြားမလိုချင်ဘူး"

ပုလဲသည် အားရပါးရ သက်ပြင်းရှိုက်ရင်း...

"တကယ်တော့ ပုလဲမှာကော၊ ပါပါဟာ အချစ်ဆုံး ကျေးဇူးရှင်ကြီးပါ၊ လင်ဆိုတာက ရာဂစိတ်ပါတော့ ကိုကို့ကို ချစ်တဲ့စိတ်နဲ့လည်း မတူဘူးဆိုတာကို အန်ကယ်တို့ရော၊ အန်တီတို့ရော သိစေချင်တယ်။ ဟင်း... ပါပါ... ပါပါ ပါမောက္ခကြီး မမျှော်လင့်တဲ့ဘဝ၊ သူ စာအုပ်ရောင်းစားနေရပြီနော်"

ပုလဲသည် သူတစ်ယောက်တည်း ညည်းတွားသလို ရေရွတ်ရင်း စကားစ သတ်လိုက်၏။ နောက်ဆုံး ဆွေစုမျိုးစု အဆုံးအဖြတ်က ဦးဇေယျာကြိုက်သောအိမ်ကို မြတ်လေးသွယ်အတွက် ရှာဝယ်ပေးရန် ကုန်ကျမယ့်ငွေကို ပုလဲ လုံးဝတာဝန်ယူသည်။ ဣန္ဒနီ၏အိမ်တွင် ဦးဇေယျာသည် ပိုင်ဆိုင်ခွင့်မရှိတော့ကြောင်း အပြီးအပိုင် လက်မှတ်ရေး

mgyoe.com

mgyoe.com



ထိုး၍ ပုလဲကို လွှဲအပ်ပေးရန် ဖြစ်သည်။ ဒီကိစ္စကို ဆောင်ရွက်ရမည်က ဘရဏီပဲ ဖြစ်သည်။

ပုလဲသည် ခုတင်ပေါ်ထသွားကာ လှဲချလိုက်၏။ အားလုံးပင် အောက်ထပ်သို့ အလိုက်သိစွာ ဆင်းသွားကြသည်။ ကိုစောဦး တစ်ယောက်တည်းသာ ပုလဲ၏ခုတင်ဘေးတွင် လာထိုင်သည်။

"ကိုကိုလေ ပုလဲကို စကားဆက်ပြောချင်သေးတယ်"

"ပြောလေ" ပုလဲက ခပ်ပျော့ပျော့ပင် ပြောလိုက်၏။

"ကိုကို့အပေါ်မှာ သံသယရှင်းပါတော့ ပုလဲရယ်၊ အန်တီသွယ် လုပ်ပုံတွေ မဟုတ်တာနဲ့ ပုလဲတို့စီးပွားရေးကို ဒီအန်တီသွယ် လက်ဝါးကြီးအုပ်နိုင်အောင် စီစဉ်တဲ့အထဲမှာ ကိုကိုပါတယ်လို့ ပုလဲထင်ထားတဲ့ သံသယကိုလည်း ဖျောက်လိုက်ပါတော့၊ ကိုကို့စိတ်ထဲမှာလည်း အစကတည်းက ပုလဲသာ ကိုကိုသွားရာ ဆက်ပြီးလိုက်လာခဲ့ရင် မိန်းမတစ်ယောက်ကို ကိုယ့်ပညာနဲ့ ရှာကျွေးမှာပဲ။ ပုလဲတို့ ချမ်းသာတဲ့ စည်းစိမ်တွေ၊ ငွေတွေကို တစ်ရွေးသားမှ မမျှော်မှန်းခဲ့ဘူး။ စိတ်နဲ့ မပြစ်မှားခဲ့ဘူး"

"ဆိုပါတော့၊ ဆက်ပြောပါလေ"

"ဆက်ပြောချင်တာက ဒီဇာတ်ထုပ်မှာ ရုပ်သေကြီးလိုပဲ ကိုကို နေခဲ့တယ်။ သံသယတွေ၊ အာဃာတတွေ ဝင်လာမှာစိုးလို့၊ ပိုမိုကြီးထွားလာမှာစိုးလို့၊ နောက်ဆုံး ဒီဂယက်က ကျယ်ပြန့်ပြီး ပုလဲနဲ့ကိုယ်တို့ကြားမှာ သမုဒ္ဒရာ လှိုင်းတံပိုးလို ကြီးမားလာပြီး အဏ္ဏဝါခြားသလို ခြားလာကြမယ့်အဖြစ်အထိ ကိုကို လက်မခံနိုင်ဘူး။ ပုလဲနဲ့ ပုလဲရဲ့ပါပါ အပြန်အလှန်ထားရှိတဲ့ သဘောလိုပဲ၊ ဒီမြေပြင်ပေါ်မှာ ကိုကိုရဲ့ တစ်ဦးသောချစ်သူဟာ ပုလဲပါပဲ။ သမီးလေး ဒါရှတောင် ဒုတိယပဲ လိုက်ပါတယ်။ ငယ်ငယ်ကတည်းက မိဘနဲ့ကွဲကွာ ကွေကွင်းသွားရတဲ့

mgyoe.com